မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလှူတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလှူတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇသုံးထပ် ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလှူတ်ပူဇော်ပွဲ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ နာယကချုပ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာ ဘိဝံသတို့ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

အခမ်းအနားအစီအစဉ်ပထမပိုင်းကို အဘိဓဇသုံးထပ် ဆွမ်းစားကျောင်းတော်ကြီးရှေ့၌ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်း အနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း နိုင်ငံတကာသတင်း၊ အားကစားအညွှန်း

အက်စပရင်နှင့် အကိုက်အခဲ ပျောက်ဆေးဝါးများ အယ်ဇိုင်းမားရောဂါကို အထောက်အကူမပြုနိုင်

အင်တာနက်ကျန်းမာရေး (စာ - ၉)

ဖာဂူဆန်တို့အဖွဲ့ မြူးထူး မော်ရင်ဟို မှိုင်တွေခဲ့ရ

▶▶ မြူးထူး ကခုန်နေသော မန်ယူနည်းပြ ဖာဂူဆန်။

◀◀ မှိုင်တွေသွားသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

ထူးမြတ်သော ကဆုန်လပြည့်နေ့ ဗုဒ္ဓအခါတော်နေ့ ဘုရားရှင်၏ အဆုံးအမတရားများ ကျင့်ကြံအားထုတ်ပွားများ

ယနေ့ ၁၃၆၉ခု ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဗုဒ္ဓ၏ ဂုဏ်တော်တို့ဖြင့် ဝိသေသထူးမြတ်သော ဗုဒ္ဓအခါတော်နေ့ (ဗုဒ္ဓနေ့)ဖြစ်သည်။

ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဆိုစကားနှင့်အညီ ကဆုန်လပြည့် အခါသမယသည် ဗုဒ္ဓ၏ ဖြစ်စဉ်တော်များကို ပြဆိုလျက်ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ကဆုန်လပြည့်နေ့တွင် နိယတ ဗျာဒိတ်တော်ရရှိခဲ့သည်။

မဟာသက္ကရာဇ် ၆၈ခု ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်သန့်စင်တော် မူခဲ့သည်။

ထို့အပြင် ဗုဒ္ဓနှင့်ဖွားဖက်တော် ခုနစ်ပါးတွင်ပါဝင်သည့် မဟာဗောဓိပင်သည် ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်တော်မူသည်။

မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့်နေ့တွင်–

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင်ပင် ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်တော်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် ဖွားဖက်တော် ညောင်ဗုဒ္ဓဟေပင်ကြီးကို အမှီပြု၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သဖြင့် ဗုဒ္ဓဂေါတမပွင့်တော်မူရာ ဗောဓိပင်သည် သာသနာတော်၌ ပရိဘောဂစေတီအရာ၌ တည်သည်။

ဤသို့ ကြီးမြတ်လှသော ဗုဒ္ဓဘုရားရှင်အား ပူဇော်သောအားဖြင့် ကဆုန်လပြည့်နေ့တွင် ဗောဓိပင်ကို ညောင်ရေသွန်းလောင်းခြင်း၊ ဗောဓိပင်ရှေ့ သမံတလင်းခင်းခြင်း၊ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့် ဗောဓိပင်အား နံ့သာပန်းတို့ဖြင့်ပူဇော်ခြင်း ကောင်းမှုများ ပြုလေ့ရှိကြသည်။

ဗုဒ္ဓဘာသာဝင်တို့က ဗောဓိပင်ညောင်ရေသွန်းလောင်းရာတွင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် အနန္တတို့ကို အာရုံပြုလျက် သတ္တဝါဝေနေယျအားလုံး ဘေးဘယာဝေးကွာ၍ ရေလိုအေးပြီး ပန်းလို လန်းဆန်းစေကြောင်း ဆုမွန်ကောင်းတောင်းကာ သွန်းလောင်းကြသည်။

ဤကဲ့သို့ ထူးမြတ်လှသော ကဆုန်လပြည့် အခါသမယတွင် ဗုဒ္ဓဘုရားရှင်၏ ပရိဘောဂစေတီဖြစ်တော်မူသော မဟာဗောဓိပင်၌ ညောင်ရေသွန်းလောင်းခြင်း၊ ဗုဒ္ဓ၏အဆုံးအမများအတိုင်း ကျင့်ကြံအားထုတ်ခြင်းဖြင့် အေးချမ်းသာယာ ဖွံ့ဖြိုးစည်ပင်စေခြင်းဟူသော ကောင်းကျိုးတရားများ ရရှိမည့်အပြင် နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကုသိုလ်ထူး၊ ကုသိုလ်မြတ်များကိုလည်း ပွားများရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံ များဆောက်လုပ် ရန် အ တွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်သရက်တောကျောင်းတိုက် ဓမ္မာသီရိကျောင်း ဆရာတော် ဘဒ္ဒန္တ ကုန္ဒာဝံသာဘိဝံသနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ကောင်းမှုကုသိုလ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ယာဉ်စည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ယာဉ်တိုက်မှုကျဆင်းအောင် ထိရောက်သော ပြစ်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂၉

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုကော်မတီ (၁၁/၂၀၀၇) အစည်းအဝေးကို ဧပြီ ၂၇ရက် ညနေ ၄နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်မှု ကော်မတီနာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြသည်။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် သင်္ကြန်ကာလအတွင်း၌ ယာဉ်တိုက်ခိုက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများ များပြားလာသည်ကို တွေ့ရှိရသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်ရာတွင်လည်း ပိုမိုထိထိရောက်ရောက် ဆောင်ရွက်သွားရန်နှင့် ပညာပေးဆောင်ရွက်မှုနှင့်အတူ စစ်ဆေးအရေးယူမှုများကိုပါ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ယခင်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရေးယူဆောင်ရွက်မှု အခြေအနေများနှင့် ယာဉ်တိုက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆပ်ကော်မတီများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများက ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက ယာဉ်တိုက်ခိုက် တိမ်းမှောက်မှု၊ ဒဏ်ရာရရှိမှုများမှာ များပြားလာသဖြင့် မေလမှ စတင်၍ ယာဉ်စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ စစ်ဆေး အရေးယူမှုများကို တိုးမြှင့် ဆောင်ရွက်ခြင်း၊ ထိရောက်သော ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ယာဉ်တိုက်ခိုက်မှု ကျဆင်းသွားအောင် ဆောင်ရွက်ရေး၊ နေပြည်တော်ဒေသသည် တည်ဆောက်ရေးကာလဖြစ်၍ တည်ဆောက်ရေး ကုမ္ပဏီများ၏ ယာဉ်များသာ ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုများပြားသည်ကို တွေ့ရသောကြောင့် ကုမ္ပဏီယာဉ်မောင်းများအား ရက်တိုပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးတို့ကို နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၅)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၉း၁၀	International Video Topics (ဟောလီးဝုဒ် သိပ္ပံကမ္ဘာ)
၉း၄၀	တေးဂီတအစီအစဉ်
၉း၅၀	ရေစင်သွန်း၍ တောင်းဆုပန် မဟာဗောဓိမဏ္ဍိုင်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	မိုးကောင်း ညောင်ရမ်းကျောင်း မှတ်တမ်း
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	သီရိမင်္ဂလာ ကမ္ဘာအေးစေတီ
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	မိုးလေဝသခန့်မှန်းချက်
၁၁း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာများ) (အပိုင်း-၁) ပါမောက္ခ ဒေါ်ခင်မေစန်းနှင့် တွေ့ဆုံခြင်း "သွေးတိုးရောဂါ အကြောင်း သိကောင်းစရာ"
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	သိမြင်သုတ တိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၁၂း၃၅	ကိတ်မုန့်ပေါ်က အနုလက်ရာ
၁၂း၅၀	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Reading-Newcastle	5- Sports (Live)

လက်ခံ

အမှတ် ၁၈၉/၁၉၁ ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ်နေ နီလာရိုးမထရေးဒင်း ကုမ္ပဏီလီမိတက်က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးလှရွှေက လက်ခံယူစဉ်။ (က-ပ)

● ရှေ့ဖုံးမှ

ဆောက်တည်

ယင်းနောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီး အပေါ်ထပ်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးကို ဦးစီးဆောက်လုပ်သော အင်ဂျင်နီယာ ဦးမြင့်အောင်က ကျောင်းတော်ကြီးဆိုင်ရာ စာရွက်စာတမ်းတို့ကို ဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံလွှဲပြောင်းပေးအပ်သည်။

ပူဇော်

ယင်းနောက် ပရိယတ္တိသာသနပါလအသင်းဥက္ကဋ္ဌ ဦးချစ်အေးက ကျောင်းတော်ကြီး ပြီးစီးအောင်မြင်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုလွှာကို အင်ဂျင်နီယာဦးမြင့်အောင်ထံ ပေးအပ်သည်။

ထို့နောက် အဆိုတော်နှင်းရီသန့်က အောင်သပြေလောင်းလို့ အောင်စေကြောင်း ဆုတောင်းခြင်း တေးထပ်ဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အဆိုတော်နှင်းရီသန့်နှင့် နှင်းနှင်းထူးတို့က ကျောင်းရေစက်ချပွဲ ပိုဒ်စုံရတုဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယနာယကချုပ် ဖန်းမော်ဆရာတော်တို့အား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်း

ဆက်လက်၍ သာသနာ့ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယနာယကချုပ်ဖန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ အနုမောဒနာတရားနှင့် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာဆရာတော် သ–စ–အ–ဓမ္မာစရိယ ပထမကျော် အဂ္ဂမဟာအကျော် ဝဋံသကာဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ရေစက်ချ အနုမောဒနာ တရားတို့ကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်းဆောက်လုပ်လှူဒါန်းရန်အတွက် ပအိုဝ်းအမျိုးသားဒါယကာ ဒါယိကာမများ စုပေါင်း၍ အလှူငွေ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက်က ဗဟန်းမြို့နယ် ၁လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ကျင်းပသည်။

အမျှပေးဝေ

ရှေးဦးစွာ ဓမ္မာရုံဥက္ကဋ္ဌ ဦးခွန်ဘစိန်က အလှူငွေလှူဒါန်းပွဲနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး ဆရာတော် ဦးကောသလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အလှူရှင်များက ဆရာတော် ဦးကောသလ္လထံ အလှူငွေများလှူဒါန်းရာ ဆရာတော်ကိုယ်စား အကျိုးတော်ဆောင် ဦးခွန်ဒေဝက လက်ခံရယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဆရာတော် ဦးကောသလ္လထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်းနိုင်

အဆိုပါကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် လှူဒါန်းလိုကြသူများသည် ပအိုဝ်းအမျိုးသားဓမ္မာရုံ ဖုန်း–၃၈၀၈၉၇၊ ဦးခွန်ဒေဝ ဖုန်း–၅၃၇၁၃၉၊ ဦးခွန်ဘစိန် ဖုန်း–၅၈၄၄၅၀၊ ဖုန်း–၀၉–၅၀၁၁၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၀၆ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

အမှတ်အများဆုံး

အဘိဓမ္မာ စာမေးပွဲတွင်စာဖြေဌာနပေါင်း ၁၂၆ ဌာနတို့၌ ဖြေဆိုသူ ၁၄၈၃၈ ဦး၊ အောင်မြင်သူ ၁၀၅၅၂ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၇၀၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်–၁၃၆ မတိက္ခစာရီ မရမ်းကုန်းစာဖြေဌာန မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၃၃ မောင်ခုတ်မွှန်လျှန် ဒဂုံဆိပ်ကမ်း စာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံးတတိယ ခုံအမှတ်–၁၇ ခွန်ဆန်းမင်းထွန်း ဒဂုံဆိပ်ကမ်း စာဖြေဌာန ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်

အဘိဓမ္မာ ဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၃ ဌာနတို့၌ ဖြေဆိုသူ ၄၂၂၇ ဦး၊ အောင်မြင်သူ ၂၆၉၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ(၆၈၆)ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်–၁၆ မောင်ဇင်မင်းဦး မိတ္ထီလာစာဖြေဌာန မိတ္ထီလာမြို့ မန္တလေးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၁၅ မောင်သန်းလှိုင် မင်းပြားစာဖြေဌာန မင်းပြားမြို့ ရခိုင်ပြည်နယ်၊ တစ်ပြည်လုံး တတိယ ခုံအမှတ်–၁၀ မယဉ်ယဉ်နွယ် လပွတ္တာစာဖြေဌာန လပွတ္တာမြို့ ဧရာဝတီတိုင်းတို့ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၈ဌာနတို့၌ ဖြေဆိုသူ ၂၆၀၈ ဦး၊ အောင်မြင်သူ ၁၂၈၃ ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ ၂၁၉ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်–၁၉ဒေါ်တင်တင်မြင့်ချမ်းအေးသာစံစာဖြေဌာန ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်–၃ မခင်မာတင် ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ်၊ တစ်ပြည်လုံး တတိယ ခုံအမှတ်–၄ ဒေါ်စန်းငွေး ကျုံပျော်စာဖြေဌာန ကျုံပျော်မြို့ ဧရာဝတီတိုင်းတို့ ဖြစ်ကြသည်။

ကြည့်ရှုနိုင်

အောင်စာရင်း အပြည့်အစုံကို မြို့နယ် သံဃနာယက အဖွဲ့ရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ယာဉ်ရပ်မှတ်တိုင်များ၌ အသိပညာပေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

ပထမအကြိမ်ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် နောက်ဆုံးနေ့အဖြစ် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယာဉ်ရပ်မှတ်တိုင်များ၌ အသိပညာပေး ဆောင်ရွက်မှုကို ယနေ့နံနက်၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

လက်ကမ်းစာစောင်

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် တာဝန်ရှိသူများသည် နံနက်၈နာရီတွင် ရန်ကုန်– ပြည်လမ်း ရာမညဆောင်ရှေ့ယာဉ်ရပ်မှတ်တိုင်၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လိုင်းကားများ စနစ်တကျ ခရီးသည်အတင်အချ ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးနေမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အသိပညာပေး

အလားတူ ဆူးလေဘုရားလမ်းပေါ်ရှိ ဇင်ယော်မုန့်တိုက်ရှေ့၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ပန်းဆိုးတန်းလမ်း၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ကုန်ဈေးတန်းလမ်းနှင့် မော်တင်လမ်း၊ အနော်ရထာလမ်းပေါ်ရှိ မဟာဗန္ဓုလပန်းခြံလမ်းနှင့်လသာလမ်း၊ ကုန်သည်လမ်းပေါ်ရှိ ဆိပ်ကမ်းသာလမ်းနှင့်လမ်း၃၀၊ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ဗဟန်း ၃လမ်း၊ ပြည်လမ်းပေါ်ရှိ မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံရှေ့နှင့် လှည်းတန်းလမ်းဆုံ (ရာမညဆောင်ရှေ့)၊ အင်းစိန်လမ်းပေါ်ရှိ သမိုင်းလမ်းဆုံ၊ ပြည်လမ်းပေါ်ရှိ ရှစ်မိုင်လမ်းဆုံနှင့် ကျိုက္ကဆံလမ်းပေါ်ရှိ တာမွေယာယီဈေး ယာဉ်ရပ်မှတ်တိုင် အသီးသီး၌ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများနှင့် တာဝန်ကျယာဉ်ထိန်းအရာရှိများသည် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ကူညီဆောင်ရွက်ကြသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နိုင်

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှစဉ်။

(သတင်းစဉ်)

30-4 (03) 1 4/29/07, 1:15 PM

ညောင်သီတာ ရေတော်သွန်းချိန်မို့

“သင်းမြေနံ့ တကြိုင်၊
စံကားရွှေဝါနှင့်၊
ညောင်သီတာ ရေတော်သွန်းချိန်မို့၊
ရွှန်းဝေလို့လှိုင်၊
မြိုင်မြစ်စုံ ယမုန်ခပါတဲ့၊
ပြည်အမရ မဏ္ဍိုင်၊
ခရိုင်နယ်တဝိုင်း၊
သို့ချိန်ဆီ၊
ရင်ကျူးပဉ္စင်္ဂီနှင့်၊
တိမ်ပန်းချီပွေလို့ ရေးပေလိမ့်၊
ဆေးရင့်ပြာလှိုင်း။ ။”

(ဦးကြင်ဥ)

တန်ခူးကုန်၍ ကဆုန်သို့ကူးလေပြီ။ ကဆုန်လေပြည်က ငွေ့ငွေ့စပ်စပ် ခံစားရသည်။ ကဆုန်လကို ဗေဒင်ကျမ်းများအဆိုအရ “ထိရရာသီ”ဟု ခေါ်ကြသည်။ ကောင်းကင်တွင် နက္ခတ်တာရာတို့သည် အားအစွမ်းဖြင့် ပြည့်စုံသော နွားလားဥသဘပုံ ဖြစ်ပေါ်နေသည်ကို အကြောင်းပြုကာ “ပြိဿရာသီ”ဟု အခေါ်များကြပေသည်။

ကဆုန်လသည် ပြိဿရာသီဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သည်။ စကားပန်းပွင့်သည်။ ရာသီပွဲတော်အဖြစ် ညောင်ရေသွန်းပွဲတော်ကို ကျင်းပသည်။ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် တွဲဖက်ကာ ကျင်းပကြသည်။

ကဆုန်လပြည့်နေ့သည် မြန်မာဗုဒ္ဓဘာသာဝင်များအတွက် ထူးခြားသော ရက်မြတ်ဖြစ်ပြီး နေ့မြတ်ကြီးငါးနေ့နှင့် တိုက်ဆိုင်နေပါသည်။

“ဆုပန်နေ့”

လေးသင်္ချေကိန်း၊ တစ်သိန်းကပ်ကြို၊ သုမေဓာလောင်း၊ ညွှန်ပြောင်းဗျက်အုံ၊ ဒီပင်္ကရာထံပါး၊ ဝမ်းလျားမှောက်ခံ၊ ဆုပန်နေ့၊ လပြည့်နွှေကဆုန်။

“ဖွားမြင်နေ့”

မဟာသက္ကရာဇ်၊ ခြောက်ဆယ်ရှစ်ကြို၊ လုမ္ဗိနီတော၊ သာမောရဂုံ၊ မာယာမယ်ဖျား၊ ပတ္တမြားနှုတ်ငုံ၊ ဖွားမြင်နေ့၊ လပြည့်နွှေကဆုန်။

“ဗုဒ္ဓနေ့”

တစ်ရာ့သုံးနှစ်၊ သက္ကရာဇ်ကြို၊ ဥရုဝေလ၊ သာစွရဂုံ၊ မာရ်စွယ်ငါးစင်း၊ နှိမ်နင်းအကုန်၊ ဗုဒ္ဓနေ့၊ လပြည့်နွှေကဆုန်။

“ဗုဒ္ဓဝင်နေ့”

တစ်ရာ့လေးနှစ်၊ သက္ကရာဇ်ကြို၊ ကပ္ပိလနန်း၊ ကြွမြန်းခိုလှုံ၊ ဗုဒ္ဓဝင်ဇာတ်၊ ဟောလတ်ဖုံဖုံ၊ ပြန်လည်တွေ့၊ လပြည့်နွှေကဆုန်။

“နိဗ္ဗာန်နေ့”

ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ကြို၊ မလ္လာမင်းတို့၊ အင်ကြင်းရဂုံ၊ နိဗ္ဗာန်ကြွလို့၊ ဘဝဇာတ်ခံ၊ သိမ်းသော်နေ့၊ လပြည့်နွှေကဆုန်။

နေ့မြတ်ငါးခုနှင့်တိုက်ဆိုင်နေသော ကဆုန်လပြည့်နေ့၊ ဗုဒ္ဓ၏နေ့မြတ်ကြီးအကြောင်းကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သံပေါက်ကဗျာဖြင့် မှတ်တမ်းတင်ထားခဲ့ပါသည်။

ညောင်ရေသွန်းလောင်းသည့် ညောင်ပင်များကား မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှ ကိုင်းပွားများဖြစ်သည်။

မဟာဗောဓိပင်သည် ပရိဘောဂစေတီလည်း ထိုက်သည်။ “ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ”ဟု စာဆိုရှိသည့်အတိုင်း မြတ်စွာဘုရား၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအဖြစ် ပါဝင်ခြင်း၊ သစ္စာလေးပါး တရားတော်မြတ်ကို ရရှိသော နေရာဖြစ်ခြင်းကြောင့် မြင့်မြတ်သည့်ညောင်ပင်၊ ရှိခိုးကော်ရော် ပူဇော်ထိုက်သော ညောင်ပင် ဖြစ်လေသည်။

မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကြီးမှ ဗောဓိပင်များ ပွားလာပုံမှာ ဤသို့ ဖြစ်ပေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ၌ သာဝတ္ထိပြည်သူ ပြည်သားများသည် ပန်းရနံ့သာစွဲလျက် မြတ်စွာဘုရားအား ပူဇော်ရန် ရောက်လာကြသည်။ ထိုအချိန်တွင် မြတ်စွာဘုရားမှာ ဒေသစာရီ ကြွချီတော်မူခိုက်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများမှာ စိတ်လက်မကြည်မသာဖြင့် ပြန်သွားကြရလေသည်။

ထိုအကြောင်းကို အရှင်အာနန္ဒာသိသောအခါ “အရှင်ဘုရား၊ ဒေသစာရီ ကြွချီတော်မူချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာ ကင်းနေပါသောကြောင့် လူအများပူဇော်မှုပြုနိုင်စေရန် ဇေတဝန်ကျောင်းတော်မုခ်ဝ၌ မဟာဗောဓိပင်မှ အစေ့ကို စိုက်လိုပါသည်ဘုရား”ဟု လျှောက်ထား ခွင့်ပန်သည်။

သုံးလူ့သနင်း တရားမင်းသည် “၎င်းကို စိုက်ပျိုးထားလျှင် ငါအမြဲနေဘိသကဲ့သို့ ကောင်းလှပေသည်”ဟု ခွင့်ပြုတော်မူသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ထို့ကြောင့် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်တံခါးဝ၌ ဗောဓိပင်စိုက်ပျိုးရန်အတွက် ကောသလမင်း၊ အနာထပိဏ်သူဌေးနှင့် ဝိသာခါ ဒါယိကာမကြီးတို့အား တာဝန်ပေးအပ်သည်။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မူလမဟာဗောဓိပင်ကြီးမှ ကြွေကျလာသော ဗောဓိသီးမှည့်ကို မြေမရောက်မီခံယူခဲ့ပြီး ယူဆောင်၍ စိုက်ပျိုးကြလေသည်။

ထိုဗောဓိပင်ကို အရှင်အာနန္ဒာကြိုးမှူးသောကြောင့်“အာနန္ဒာဗောဓိ”ဟု ခေါ်ကြသည်။ ထိုဗောဓိပင်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် လူအများ ကိုးကွယ်ပူဇော်ကြသည်ဟု“ကာလိင်္ဂဗောဓိဇာတ်”၌ လာရှိပေသည်။

အစေ့မှ စိုက်ပျိုးသော အာနန္ဒာဗောဓိသည် ထင်ရှားသည်။ ၎င်းနည်းတူ ထင်ရှားသော ဗောဓိပင်မှာ မဟာဗောဓိပင်ကြီး၏ တောင်ဘက်ကိုင်းမှ ပြန့်ပွားသွားသော ဒက္ခိဏသာခါ မဟာဗောဓိ ဖြစ်ပေသည်။

အမရပူရမြို့တည်နန်းတည် အောင်မြင်လောကစေတီတော်ဒါယကာ ဗဒုံမင်းတရားကြီး(ဘိုးတော်ဘုရား)သည် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ပိဋကတ်တော်နှင့် လောကီကျမ်းများကို ကူးယူရန်နှင့် မဟာဗောဓိပင်ကို ဖူးမြော်ရန် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူ စသည့်အမတ်ကြီးများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့ဖူးလေသည်။ ထိုအမတ်ကြီးများသည် အမရပူရနေပြည်တော်မှ ၉၇ ယူဇနာကွာဝေးသော ဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိသို့ အရောက်သွားကြကာ မဟာဗောဓိပင်ကို စေ့စေ့စပ်စပ် ဖူးမြော်လေ့လာပြီး ဆေးကျမ်း၊ ဗေဒင်ကျမ်းစသည့် လောကီကျမ်းများကို ယူဆောင်၍ ပြန်လာခဲ့ကြသည်။ မဟာဗောဓိပင်နှင့် ပတ်သက်၍ ယင်းတို့၏လေ့လာတွေ့ရှိချက်များကို မှန်နန်းရာဇဝင်တော်ကြီး၌ ရေးသားဖော်ပြထားခဲ့ပြီး ဖြစ်သည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး၊ သစ်ပင်မြတ်ပင် ဖြစ်သည်။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟောသည်။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ တရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါးတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိဟုခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ ဖြစ်ကြသည်။ ယင်းအင်ကြင်းပင်စသည်တို့သည် ဝေဿဘူ စသော ဘုရားရှင်တို့၏သာသနာတော်၌ ဗောဓိပင်တို့မည်ကုန်သည်။ ထို့ကြောင့် မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိဟူသော အမည်ထူးကို ရပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးတွင် ရှင်အာနန္ဒာက “ယခုအခါ အဝေးမှလာကြသော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရ၏။ နောင်အခါတွင် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရတော့မည် မဟုတ်ပါ”ဟု လျှောက်ကြားသည်။

ထိုအခါ မြတ်စွာဘုရားက သဒ္ဓါတရားရှိသူများ ဖူးမြင်ကြပြီး သံဝေဂဖြစ်စေနိုင်သော လေးဌာနကို ဟောကြားတော်မူသည်။

“မြတ်စွာဘုရား ဖွားမြင်သော လုမ္ဗိနီဥယျာဉ်သည်လည်းကောင်း၊ ဘုရားအဖြစ်သို့ရောက်သော မဟာဗောဓိသည်လည်းကောင်း၊ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်သည်လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံသည်လည်းကောင်း ဤလေးဌာနသည် သဒ္ဓါရှိသူများ ဖူးမြော်ထိုက်၏။ သံဝေဂရစေသော ဌာနဖြစ်၏”ဟု ဟောကြားတော်မူသည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့တွင် လုမ္ဗိနီဥယျာဉ်၊ မဟာဗောဓိပင်၊ မိဂဒါဝုန်နှင့် ကုသိနာရုံတို့သည် အမှတ်ထင်ထင် သတိရစရာ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် သံဝေဇနိယ လေးဌာနသို့ သွားရောက်ရန် မလွယ်ကူကြသဖြင့် မဟာဗောဓိပင်ကို ရည်မှန်းကာ မိမိတို့ရပ်ရွာဒေသရှိ ဗောဓိညောင်ပင်ကို ရေလှူဒါန်း သွန်းလောင်းကြသည်။

မြန်မာဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့်နေ့ကို “ဗုဒ္ဓနေ့” ဟု သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ် ပါဠိဒေသနာများကို ရွတ်ဖတ်ပြီး အခါတော်နေ့အဖြစ် တခမ်းတနားကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင် အပေါင်းတို့အဖို့ လထူး၊ လမြတ်ကြီး ဖြစ်ပါသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ ယခုကာလအထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှုရာသီပွဲအနေဖြင့် ကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်ကား ဂေါတမဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရည် သို့မဟုတ် သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့် ပွဲတော်ဖြစ်ပါသည်။

ရေပြတ်၊ ရေစစ်ချိန်၌ နေ၏အပူရှိန်သည် အရာရာကို ပူပြင်းခြောက်သွေ့စေသည်။ ဤသို့ဖြစ်နေခိုက်ဝယ် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်၏ ခြေတော်ရင်းကို ရေစင်သွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လသည် အလွန်ပူအိုက်သော လဖြစ်သည်။ သို့သော် တစ်ဖက်ကကြည့်လျှင် ကဆုန်လသည် မိုးရာသီကို ကြိုလင့်သောလလည်း ဖြစ်သည်။ မိုးရိပ်မိုးငွေ့များ စတင်ယှက်သန်းလာလေ့ရှိသည်။ တစ်နည်းအားဖြင့် နွှေအကုန် မိုးအကူးကာလ ဖြစ်သည်။

ကဆုန်လတွင် လေပြည်လေညင်းကလေးများ တသုန်သုန်ဖြူး၍ ရွက်ဟောင်းများသည် လေ၌လွင့်ပါးကြသည်။ အကိုင်းအခက်များတွင် ပုရစ်ဖူးများထွက်၍ ပန်းငုံပန်းပွင့်ဖူးများ ပွင့်ကြသည်။ ထိုအချိန်ဝယ် ရွက်သစ်ကလေးများမှာ ထွက်ပေါ်လာစဖြစ်၏။ မြေသင်းနံ့ ထုံလှိုင်နေ၏။

ကဆုန်လပြည့်နေ့ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီးတို့၌ စေတနာ သဒ္ဓါတရားအလိုက် အလှူဒါနပွဲများနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပလေ့ရှိကြပါကြောင်းနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ရှေးရိုးစဉ်လာ ရိုးရာယဉ်ကျေးမှု ရာသီပွဲတော်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီးမှူး အမျိုးသမီးများနှင့် စဉ်းစားခြင်းနည်းပညာ မိတ်ဆက်ဟောပြော

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကကြီးမှူးကျင်းပသော အမျိုးသမီးများနှင့် စဉ်းစားခြင်းနည်းပညာ မိတ်ဆက်ဟောပြောပွဲ(A Seminar on an Introduction to Thinking Technology)ကို မေ ၂၇ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားပြီး MIEC. PMC Group မှ အမှုဆောင်အရာရှိချုပ် ဦးကျော်သူက**(အပေါ်ပုံ)** စဉ်းစားခြင်းနည်းပညာကို ဟောပြော ဆွေးနွေးသည်။ ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက က ဦးကျော်သူအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်စကြာ အရှင်စန္ဒသီရိ တရားဟောကြားမည်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသီရိ (ဓမ္မာစရိယ)သည် မေ ၁ရက်မှ ၃ရက်အထိ ဖြူးမြို့ ထန်းကုန်း-ကျောင်းသစ်ကျောင်းတိုက် ဓမ္မရောင်ခြည် ဓမ္မဗိမာန်တော်ရေစက်ချဓမ္မသဘင်၌လည်းကောင်း၊ ၆ရက်မှ ၁၅ ရက်အထိ သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ၌လည်းကောင်း သစ္စာလေးပါး တရားတော်များဟောကြားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

တရားစခန်း ဝင်ရောက်အားထုတ်လိုသော ယောဂီများနှင့် စခန်းပွဲအတွင်း လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈နှင့်၀၉-၅၁၄၇၃၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ကျောက်မဲ၊ သီပေါ၊ နမ္မတူအထူးတရားစခန်းပွဲများ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇိန္ဒ(B. Sc., Phy)နှင့် ဆရာတော်၏တူ တပည့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မိုးကုတ်အဖွဲ့ခွဲ (၆၈)၌ မေ ၁၄ ရက်မှ ၂၀ရက်အထိ လည်းကောင်း၊ သီပေါမြို့၌ ၃၀ ရက်မှ ဇွန် ၃ ရက် အထိလည်းကောင်း၊ နမ္မတူမြို့၌ ၅ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ မန္တလေးတိုင်း စဉ့်ကူမြို့နယ် ခက်သင်ရွာ ဝေဇယန္တာကျောင်း၌ ၂၈ရက်မှ ဇူလိုင် ၄ ရက်အထိ လည်းကောင်း၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

မလွန်ဆန်လှူ ရေစက်ချဓမ္မပူဇာ ကျင်းပမည်

ရန်ကုန် မေ ၂၉

မရမ်းကုန်းမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့မှ ကောက်ခံရရှိထားသော ဆွမ်းဆန်တော် ခွဲအိတ်ပေါင်း ၁၀၀၀ကျော်ကို မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး၏ အကြိမ်(၁၁၀)မြောက် ဆွမ်းဆန်တော်အလှူတွင် ပါဝင်လှူဒါန်းနိုင်ရန်အတွက် ပထမအကြိမ်မြောက် ဆွမ်းဆန်တော်ရေစက်ချဓမ္မပူဇာသဘင်ကို မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ပဋ္ဌာန်းဓမ္မာရုံကြီးအတွင်း၌ ကဆုန်လပြည့်ကျော်၇ရက်၊ (မေ ၇ရက်) တနင်္လာနေ့ ည ၇နာရီတွင် ကျင်းပမည်ဖြစ်ပြီး မဟာဓမ္မကထိက ဗဟုဇနဟိတရေ ပိဋကတစ်ပုံခွဲဆောင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရိလင်္ကာရကအနုမောဒနာတရားဟောကြားမည်ဖြစ်၍ မလွန်ဆွမ်းဆန်တော်နှင့် သီတဂူရေအလှူ အတွက် ပါဝင်လှူဒါန်းလိုပါက ဖုန်း-၆၆၃၁၂၈၊ ၀၉-၅၁-၆၉၆၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

လူမှုဝန်ထမ်းဦးစီးဌာန ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် မင်္ဂလာကျင်းပ ဝန်ကြီးဗိုလ်ချုပ် မောင်မောင်ဆွေ တက်ရောက်ပူဇော်

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးအားအမှူးထား၍ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော (၄၃)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ ဒုတိယ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ သာသနာ့ဘောင် သွတ်သွင်းချီးမြှင့်ခြင်းခံရသော ဒုလ္လဘရဟန်း၊ ရှင်သာမဏေများနှင့် သီလရှင်များ၊ ဝန်ထမ်း များ တက်ရောက်ပူဇော်ကြသည်။

ရှင်းလင်းလျှောက်ထား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အခမ်းအနားကျင်းပရခြင်း နှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ဝန်ကြီးနှင့် ဇနီး၊ ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြ သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် အရှင်သူမြတ်များက မေတ္တသုတ်တရားတော်ကို ချီးမြှင့်တော်မူကြပြီး ဝန်ကြီး နှင့်ဇနီး၊ ပရိသတ်တို့က ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(ဓာတ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမဟာဝိသုဒ္ဓါရုံ သူဌေး တန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသထံမှ ဝန်ကြီးနှင့်ဇနီး၊ ပရိသတ်တို့က အနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်ကာ ဆရာ တော်၊ သံဃာတော်၊ ရှင်သာမဏေများနှင့် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။

ချီးမြှင့်နိုင်

လူမှုဝန်ထမ်း ဦးစီးဌာနက ယခုအခမ်းအနားတွင် ဒုလ္လဘရဟန်း ၁၀ ပါး၊ ရှင်သာမဏေ ၅၁ပါးနှင့် သီလရှင် ၃၂ပါးတို့ကို သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့် ခဲ့ကြပြီး (၄၃)ကြိမ်မြောက်အထိ ဒုလ္လဘ ရဟန်း၄၁၃ပါး၊ ရှင်သာမဏေ ၂၈၉၂ ပါးနှင့် သီလရှင်၅၇၃ပါး စုစုပေါင်း ၃၈၇၈ပါးတို့ကို သာသနာ့အမွေ အောင်မြင်စွာ ချီးမြှင့်နိုင် ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကလေး သူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်မြင့်သည် ဧပြီ ၂၆ ရက်က မွန်ပြည်နယ် ရာမညခန်းမ၌ လည်း ကောင်း၊ ဧပြီ ၂၇ ရက်က ကရင် ပြည်နယ် ဖွဲ့ကပင်ခန်းမ၌ လည်း ကောင်း ကလေးသူငယ်ကာကွယ်စောင့် ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်၍ အမှာစကားပြောကြား သည်။

ရှင်းလင်းတင်ပြ

ယင်းဆွေးနွေးပွဲများတွင် မွန်ပြည် နယ်နှင့် ကရင်ပြည်နယ်များ၏ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌများက မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်များ၏ ကလေးသူငယ် အခွင့် အရေးများနှင့် ပတ်သက်၍ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်း တင်ပြကြ သည်။

အမှာစကားပြော

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကျောက်တံတား မြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနေ ကွယ်လွန်သူ ဦးစိန်အား ရည်စူး၍ ဒေါ်ချစ်မေမိသားစုက သား ကိုကျော် ကျော်စိုး မွေးနေ့အထိမ်းအမှတ် ဆေး ပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီ ကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးအောင်သန်းထံပေးအပ် လှူဒါန်းစဉ်။ (က-ပ)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန က နယ်လှည့်စာကြည့် တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟော ပြောပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က အမှတ် (၁) ရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်း မကွေးမြို့ ဘိုးဘွားရိပ်သာတွင် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ သက်ကြီး ဘိုးဘွားများအား တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် ခြေသည်း၊ လက်သည်း လှီးခြင်းလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌဒေါ်ချိုချိုတို့က ကြီးမှူးဆောင်ရွက်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကမ္ဘာ့ ကျန်းမာရေးနေ့ အခမ်းအနား ကျောက်ဆည်၌ ကျင်းပ

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကို မန္တလေးတိုင်း ကျောက်ဆည်မြို့ အထွေထွေအထူးကု ဆေးရုံကြီးတွင် ဧပြီ ၇ရက် နံနက် ၉နာရီက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ကမ္ဘာ့ ကျန်းမာရေးနေ့သဝဏ်လွှာကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ကလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချမ်း၏ သဝဏ်လွှာကို သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးသူဝင်းကလည်းကောင်း ဖတ်ကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စာပေသက်ကြီး ပူဇော်

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာပေသက်ကြီးပူဇော်ကန်တော့ပွဲ အခမ်း အနားကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက မြို့မဈေးကြီး အပေါ်ထပ်ရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းမ တွင် ကျင်းပရာ ဥက္ကဋ္ဌဦးမြင့်လွင်က ကျင်းပရခြင်း အကြောင်းများ ရှင်းလင်းတင်ပြကာ သက်ကြီး စာပေ ပညာရှင် ၁၅ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ကြသည်။ (ဝ၉၉)

စည်းရုံးရေးစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်း

ကချင်ပြည်နယ်မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေး စွမ်းဆောင်ရည်မြှင့်တင် ရေး ရက်တို သင်တန်းအမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ဧပြီ၇ရက် ညနေ၃နာရီခွဲက ပင်းဘော ကျေးရွာအုပ်စု အမှတ်(၁) အခြေခံ ပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူးဦးထွန်း ထွန်းအောင်က အမှာစကား ပြော ကြားသည်။

သင်တန်းသို့ ကျေးရွာခုနစ်အုပ်စု မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေး အသင်းဝင် ၆၅ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ သုံးရက် ဖြစ်သည်။ (၄၁၆)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စက်ရေတွင်းသစ်ဖွင့်

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင် ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေး စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မော်လိုက် မြို့နယ် ဖါကဇက်ကျေးရွာအုပ်စု ဆွတ်နန်းကျေးရွာ၌ မတ် ၂၆ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဇော်လွင်၊ မြို့နယ်အမှုဆောင် အရာရှိ ဦးရဲထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၂၀၀ရှိပြီး တစ်နာရီရေဂါလန် ၁၀၀၀ခန့်ထွက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၅၀၀၀၀နှင့် ကျေးလက်ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀၀၀၀၀ကုန်ကျကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာချင်းဆက်မြေသားလမ်း ကန့်ဘလူမြို့နယ်၌ ဖောက်လုပ်

ကန့်ဘလူမြို့နယ် ပိတောက်ပင်ကျေးရွာနှင့် ချပ်ကြီးကျေးရွာ ဆက် သွယ်သည့် မြေသားလမ်း နှစ်မိုင်ဖောက်လုပ်ပြီးစီးမှုနှင့် ခအုံးတာ ကျေးရွာမှ မြစ်ကြီးနားလမ်းမကြီးသို့ ဆက်သွယ်သည့် မြေသားလမ်းတစ်မိုင် ဖောက်လုပ် ပြီးစီးမှုကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးကျော်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေနေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်း

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားခဲ့သည့်အချက်များနှင့် အစည်းအဝေး လုပ်ငန်းအတွေ့အကြုံများအား ထပ်ဆင့်ရှင်းလင်းပွဲကို မတ်၂၅ရက် မွန်းတည့် ၁၂နာရီက တနင်္သာရီတိုင်း ဥပဒေရုံးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း ဥပဒေအရာရှိ ဦးသန်းရွှေက တိုင်းအတွင်းရှိ ဥပဒေအရာရှိများအား အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်း ပြောကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပြင်ဦးလွင် မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပြင်ဦးလွင်မြို့နယ် သာယာလှပသန့်ရှင်းသော မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် မြို့လယ်ခါလောင်း ချောင်းအား ရေစီးရေလာကောင်းမွန်စေရန် ဧပြီ ၇ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ပွဲသို့ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်ကြီး ၁၀ခုတို့မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သုံးမိုင်ကျော် ရှည်လျားသည့် မြို့လယ်ခါလောင်းချောင်းတစ်လျှောက်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်းရှိ အမှိုက်သရိုက်များ ဆယ်ယူခြင်းနှင့် ချောင်းဝဲယာ တစ်လျှောက်သာယာလှပစေရေးအတွက် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဆောင်ရွက်ကြောင်း သိရသည်။ **(၂၈၀)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးပဒေသာပင်လှူဒါန်းပွဲ တိုင်းမှူးပိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ဧပြီ၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံဝင်းအတွင်း၌ ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးနှင့်ဧည့်သည်တော်များအား ဆေးရုံအုပ်ကြီး ဒေါက်တာမိုးအောင်က သန့်ရှင်းရေးဆောင်ရွက်ထားမှုနှင့် ဆေးရုံ၏ဖွဲ့စည်းပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ဆေးရုံဝင်းအတွင်း အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ကြက်ဆူပင်များ စိုက်ပျိုးနေမှုများ၊ ခြေတု၊ လက်တုနှင့် အားပြုကိရိယာ အလုပ်ရုံအတွင်းရှိ ခြေတု၊ လက်တု ပုံစံထုတ်လုပ်ခြင်း၊ လူနာများ ခြေတုကိရိယာဖြင့် လမ်းလျှောက် လေ့လာမှုနှင့် ရူပဗေဒဆိုင်ရာ ကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အမျိုးသား၊ အမျိုးသမီးလူနာကုသဆောင်များအတွင်း တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်းပွဲကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)–ဇနီး ဒေါ်မြတ်လေး မိသားစုက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့မာဝင်းက ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့ကငွေကျပ်တစ်သိန်း၊ သုခမ္မမဏိဇောတရေ ဦးဇေယျာသူရမွန်–ဒေါ်ခိုင်ခိုင်မြင့်(GUN KULL) အင်ဂျင်နီးယားရင်းကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ ဦးနေအောင်–ဒေါ်ခင်မိုးညွန့် (အောင်ရှိဖြိုးကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ သမားတော်ကြီး ဦးလှဋ္ဌေး၊ သီရိသုဓမ္မသိင်္ဂီ ဆရာမ ဒေါ်တင်နွယ်ဦး (မုန်ချိုဆေးတိုက်)၊ ဦးခင်မောင်ဝင်း သီရိမွန်ပလာဇာဝင်း နှင့် တိုက်ခန်းကြီးကြပ်ရေးအဖွဲ့ မရမ်းကုန်းမြို့နယ်၊ ဒေါ်ဟေမာညွန့် Clara အသားအရေ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း၊ သုခဝတီဆေးခန်း လမ်းမတော် ညောင်ပင်လေးဈေး ပလာဇာ၊ ဦးမောင်ဝင်း (ကုန်သည်) ဆိပ်ကမ်းမြို့နယ်၊ ဦးစိုးလှိုင်ညွန့်နှင့်အဖွဲ့ အမှတ်(၆)ရပ်ကွက် လှိုင်မြို့နယ်၊ ဒေါက်တာ နေဇင်လတ်–ဒေါ်ခင်စန်း (AMBO Co., Ltd., AMBO Hotel Group)၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်တင်ယာဉ်များအဖွဲ့၊ ဦးကျော်ဝင်း(Eastern Jude International Co., Ltd.) ကျောက်တံတားမြို့နယ်၊ ဒေါက်တာကျော်စိုးဝင်း–ဇနီး ဒေါက်တာတင်နှင်းသူ (မိဘမေတ္တာဆေးကုခန်း) ယောမင်းကြီးလမ်း ဒဂုံမြို့နယ်၊ ဦးကြည်ဝင်း (ဆန္ဒမွန်ဆေးတိုက်)၊ ဒေါက်တာ ထင်ပေါ်– ဇနီး ဒေါ်အေးအေးမြင့် မိသားစု အလုံမြို့နယ်၊ အိုရီယန်တယ် လီဆင်းကုမ္ပဏီ လီမိတက်နှင့် ရပ်မိရပ်ဖများ လသာမြို့နယ်၊ ဦးကျော်လှိုင် ဆောက်လုပ်ရေး ဈေးကြီးအနောက် ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ဒဂုံ စင်တာစမ်းချောင်းမြို့နယ်၊ ဦးမြတ်သူဝင်း(Managing Director Shwe Min Tha Interprise Co., Ltd.)နှင့် ဦးမြတ်ဦး ဘေဘီဗိုက်တာ ဆေးဝါးထုတ်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်များက အလှူငွေ သုံးဆယ့်ခြောက်သိန်း ရှစ်သောင်းကို ပေးအပ်ရာ ကျန်းမာရေးဌာန ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံအတွက် လှူဒါန်းငွေ ကျပ်နှစ်သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၃) အမှတ်(၁၆) ဖြန့်ချီ

ရန်ကုန် ဧပြီ ၂၉

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၃) အမှတ်(၁၆)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ 'အယ်ဒီတာ့ဒိုင်ယာရီ'၊ 'အွန်စောတို့ဌာနေ'အခန်းဆက် ခရီးသွားဆောင်းပါးနှင့်အတူ ယူနန်တန်ချုံမှ မြစ်ကြီးနားသို့ သုံးနာရီသာကြာမည့် လီဒိုလမ်းအစိတ်အပိုင်းဖွင့်လှစ်၊ အပူရှိန်ပြင်း၍ သွေးတိုးရောဂါဝေဒနာရှင်များ သတိပြုနေထိုင်ကြရန်လို၊ စနစ်ဟောင်းဒီဖောင်းများ သက်တမ်းမကုန်ပါကအကျုံးဝင်သေး၊ ပင်လယ်ကျောက် ငါးမျိုးစိတ်တစ်မျိုးကို သားဖောက်မွေးမြူနိုင်ရန် မြန်မာပညာရှင်များ ကြိုးပမ်းနေ၊ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု မြန်မာနိုင်ငံတွင် ပြုလုပ်စသည့်ပြည်တွင်းရေးရာသတင်းများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖာဂူဆန်နှင့် ရင်ခုန်စရာ ပုစ္ဆာတစ်ပုဒ် အားကစားဆောင်းပါးနှင့်အတူ အနာဂတ်နည်းပညာ ထိုးဖောက်အောင်မြင်မှုသည် အာရှတွင်ဖြစ်ရန်ရှိဟု ဘီလ်ဂိတ် ဟောကိန်းထုတ်၊ ရေအောက်လေရဟတ်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ပြီ၊ ပေကျင်းတက္ကစီသမားများအတွက် ပြည်သူ့နီတိအာဏာပိုင်တို့က လမ်းညွှန်၊ ဂျပန်နိုင်ငံကို အမေရိကန်ကဲ့သို့ ဖြစ်မလာစေလိုစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ဧပြီ ၂၄ရက်က တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေအတွက် စာဖတ်ဝိုင်းကျင်းပရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဆောင်းပါးအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ ဆွေးနွေးပွဲနှင့်သစ်သီးဝလံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို မေ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သရက်၊သစ္စားမွှေး၊ဖရဲ၊ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သင်္ဘောအသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ချီးမြှင့်မည်

ပြိုင်ပွဲတွင် အသီးပါအပင်အတွက် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး အသီးအနှံများအတွက် ပထမဆုကျပ် ခုနစ်သောင်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်ကာ သီးနှံတစ်မျိုးချင်း အလိုက် ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့မှထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဟောပြောပွဲ၊ ဆွေးနွေးပွဲများတွင် စိတ်ပါဝင်စားသူတိုင်း တက်ရောက်ဆွေးနွေးနိုင်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၇၀၃၇၅၄၊ ၀၁–၅၁၄၂၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံအလက(၂) အာစရိယပူဇော်ပွဲ မေ ၁ ရက်တွင် ကျောင်းခန်းမ၌ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ဒဂုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂)(ယခင် မင်းမနိုင်အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများ၊ သက်ပြည့်ပင်စင်ယူခဲ့ကြသော ဆရာ၊ ဆရာမကြီးများနှင့်လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအား ကျောင်းသားကျောင်းသူဟောင်းများက (၁၀)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို မေ၁ရက်(အလုပ်သမားနေ့)နံနက်၁၀နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ကျောင်းအုပ် ဆရာဆရာမကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၆ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၇ရပ်ကွက် အလင်းရောင်စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမျိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

စီမံချက်မီတာများ သတ်မှတ်နှုန်းထက် ငွေပိုမိုတောင်းခံမှုဖြင့် ဝန်ထမ်းသုံးဦးအား ထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင်မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏ အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန် မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိရောက်စွာအရေးယူ

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန် မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်သည့်လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာအပြစ်ပေးအရေးယူလျက်ရှိသည်။

သိမ်းဆည်းခဲ့

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများအရ ပဲခူးတိုင်း ပြည်မြို့နယ် ဝက်ထီးကန်မြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူးတစ်ဦး၊ ဒု–မီတာစာရေးတစ်ဦး၊ လျှပ်စစ်အဆင့်(၂) ဝန်ထမ်းတစ်ဦးတို့အား စီမံချက်မီတာများ ချထားပေးရာတွင် သတ်မှတ်နှုန်းထက်ငွေပိုမို တောင်းခံမှုဖြင့် ထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သက်သေခံ ငွေကျပ်၃၇သိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ဈေးကွက်၌လူကြိုက်များသော အဆင်ပုံဆန်းများထုတ်လုပ် ယခုထက်ပိုမိုကောင်းမွန်သော ဒီဇိုင်းများတီထွင်

နေပြည်တော် မေ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မေ ၂၆ ရက် ညနေ ၄ နာရီခွဲက မန္တလေးတိုင်း တောင်သာမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (တောင်သာ)သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် စက်ထိုးထည်အလုပ်ရုံရှိ ကုန်ကြမ်းချည်လုံးများနှင့် ဆေးဆိုးပြီး ချည်လုံးများ၊ တစ်ထပ်သား ထိုးစက်ဝိုင်းခြောက်လုံး၏ ရက်လုပ်နေမှု၊ ရစ်ထိုးစက်ဝိုင်းနှင့် ဖလက်ထိုးစက်ခြောက်လုံး၏ ရက်လုပ်မှုများကိုကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အချောကိုင်အလုပ်ရုံသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာ ဒေါ်ခင်မူမူနှင့် စက်ရုံမှူး ဦးစောလင်းတို့က ပိတ်တွဲချုပ်စက်၊ ပိတ်သားလှန်စက်၊ တင်ကြိုပိတ်သားကျုံ့စက် ကုန်ထုတ်လုပ်မှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ထုတ်လုပ်တီထွင်

ဆက်လက်၍ ဝန်ကြီးသည် ပန်းရိုက်အခြောက်ခံစက်၏ တံဆိပ်ရိုက်နှိပ်မှု၊ ကျားဝတ်၊ မဝတ်၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်အထည်များချုပ်လုပ်မှု၊ စက်ရုံမှ ထုတ်လုပ်ထားသော ဒီဇိုင်းစုံရောင်စုံအထည် အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ယခုထက်ပိုမိုကောင်းမွန်သော ဒီဇိုင်းနှင့် သေသပ်ပြီး ဈေးကွက်တွင် လူကြိုက်များသော အဆင်ပုံဆန်းများ ထုတ်လုပ်တီထွင်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဝန်ကြီးသည် တောင်သာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိ၍ အရောင်းဆိုင် အတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ ထုတ်လုပ်ရောင်းချသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်အတွင်း ရောင်းကုန်ပစ္စည်း မပြတ်လပ်စေရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဥမင်ဘုရားသို့ ရောက်ရှိပြီး ရွှေဥမင်ဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေဥမင်ဘုရား အာရုံခံအဆောက်အအုံ တည်ဆောက်မှုနှင့် ရင်ပြင်တော် ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည်အတုလကာရီတိုက်ကျောင်း ဆရာတော် ဦးနာဂဝံသအား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေဥမင် ကျောင်းတိုက်ရှိ မဟာဗောဓိပင်နှင့် ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၇ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး ဝါကြိတ်ခြင်းလုပ်ငန်းများ၊ ဝါသန့်စင်ခြင်းလုပ်ငန်းများနှင့် ဝါဖိစက်ဖြင့် ဘေထုပ်ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၉) ထုတ်ဝေမည်

ရန်ကုန် မေ ၂၉

စကားပန်းတို့ ဖူးပွင့်ကြသည့် ပြိဿရာသီ ကဆုန်လ၏ ညောင်ရေသွန်း ပွဲတော် အခါသမယနှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာတို့ကို ဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၉)အား မေ ၁ရက်၌ ထုတ်ဝေမည် ဖြစ်သည်။**(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေဆီလွှာဖုံးပစ္စည်းများ ပြုလုပ်ခြင်း၊ ဝင်ငွေတိုးစေဖို့ ကြက်မောက်စိုက်ပျိုးစို့၊ ပိုးမွှားရောဂါကာကွယ်ပါ၊ လယ်ယာမြေတစ်ခွင်လုံး ဘက်စုံသုံး အင်ဂျင်စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရွှေဘကြီး တောင့်ထားကွ၊ ဝက်ကလေးများ ရှင်သန်ကြီးထွားစေဖို့၊ မွေးမြူရေးရာဖြေကြားလွှာ စသည့် မွေးမြူရေးဆောင်းပါးများ၊ အရွယ်လွန်အဆီကျလိုသူများအတွက်ဆေးတစ်ပါး၊ အဘက်ဘက်မှ ဆေးဖက်ဝင်သည့် ဆလတ်ရွက်၊ မြန်မာ့စိမ်းပြာရေညှိ (ခေါ်) စပီရူလိုင်းနား၏ အစွမ်းအာနိသင်စသည့် ကျန်းမာရေးဆောင်းပါးများ၊ တိုင်းဧရာ၏ တောင်သူလယ်သမားဆေးရုံ၊ ဒါးပိန်ကျေးရွာမှ သစ်သားပန်းပုလုပ်ငန်း၊ အနိမ့်ဆုံးမှ အမြင့်ဆုံးသို့၊ မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် လမြတ်ကဆုန်၊ သားတို့သမီးတို့အမေ၊ နှုတ်တစ်ရာ စာတစ်လုံး၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသမီး စသည့် သုတ၊ ရသ၊ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများ စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်–၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂သို့ ဆက်သွယ် ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများဖိတ်ခေါ်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့်၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ် လူသစ် ဘဝသစ်

(ခ) အမှိုက်ကစ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်

(ဂ) မူးယစ်ကင်းစင် ကျန်းမာမှ တန်ဖိုးရှိလှလူ့ဘဝ

(၂) **ဝတ္ထုတို**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကိုကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်)အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံးကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master (သို့) CD Master နှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့် အတူပေးပို့ရမည်။

(၅) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်း၊ မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်လုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်း ရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲနှင့်ပတ်သက်၍ အသက် ၁၀ နှစ်အောက်၊ ၁၀ နှစ်မှ ၁၅ နှစ်အောက်၊ ၁၅ နှစ်မှ ၂၀ အောက်၊ အသက် ၂၀ နှင့် အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူယူလာရန် မလို၊ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာ ရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင် တစ်ဦးလျှင် (၁၀ X ၁၄)လက်မအရွယ် ဆေးရောင်စုံ ဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်း မပြုရ၊ နဂိုတစ် (သို့) ဆလိုက် (သို့) ဒီဂျစ်တယ်ပုံဖြစ်ပါက Ex ip data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ (၁၀X၁၄) လက်မအရွယ် TIFF File CD-R အဖြစ် ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ၊ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

မှတ်ချက်။ ။ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက် ပေးပို့ရမည်။

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်–

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw Photoshop Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။)

(ခ) ရေးဆွဲချိန် နှစ်နာရီ သတ်မှတ်ရန်၊

(ဂ) လေဆာဓာတ်ပြား CD ဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ပေးပို့ရမည်။

(၉) **ကွန်ပျူတာ ဒီဂျစ်တယ်ပိုစတာ** ပြိုင်ပွဲအား ပြည်နယ်၊ တိုင်းများတွင် အသက် ၁၅ နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒီဂျစ်တယ် ပိုစတာ ပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် ဒုတိယရဲမှူးကြီးထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် တစ်ဦးလျှင် စာမူတစ်စောင်သာတင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ဆောင်းပါး၊တေးသီချင်း၊ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ကလောင်အမည်၊အမျိုးသားမှတ်ပုံတင်အမှတ်၊နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်း ဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်၊တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက် ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးထွန်းဝေ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ် နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင် စာမူနှင့်လက်ရာများအား မူးယစ်ဗဟိုရုံးသို့နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၂၀–၅–၂၀၀၇ ရက် အရောက်၊

(ခ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာ ၂၅–၅–၂၀၀၇ ရက်အရောက်

(ဂ) တေးသီချင်း ၂၂–၅–၂၀၀၇ရက်အရောက်

(၁၅) စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယ နှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ၂၀၀၇ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို မူးယစ်ဗဟိုသို့ဖိတ်ခေါ်ပြီး ၂၀၀၇ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းများမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

(၁၇) **မှတ်ချက်**။ ။ မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားဝင်ငွေ ရည်မှန်းချက် ပြည့်မီကျော်လွန်စွာရရှိရေး ပြည်နယ်/တိုင်း ငါးလုပ်ငန်းဦးစီးဌာန ဌာနမှူးများအား ဝန်ကြီးမှာကြား

ရန်ကုန် ဧပြီ ၂၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧပြီ ၂၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမဆောင်၌ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးများအား တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းလျာထားချက်နှင့် နိုင်ငံခြားဝင်ငွေ ရည်မှန်းချက် ပြည့်မီကျော်လွန်စွာ ရရှိရေး အတွက် ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက မွေးမြူထုတ်လုပ်မှုနှင့် ပင်လယ်ပြင်ဖမ်းဆီးထုတ်လုပ်မှုများ တိုးတက်ဆောင်ရွက်ရေး၊ စံချိန်မီအရည်အသွေးပြည့် နိုင်ငံခြားပို့ကုန်များ တိုးမြှင့်တင်ပို့ဆောင်ရွက်နိုင်ရေး၊ အဂတိတရားကင်းရှင်းသော နိုင်ငံဝန်ထမ်းကောင်းများ ဖြစ်စေရေး ဆွေးနွေးမှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အလုံအအေးခန်းအတွင်းရှိထွန်းနေလင်း အအေးခန်းစက်ရုံ အေးခဲခန်း အကြီးစား ပြုပြင်နေမှု၊ ငါးကုန်ချော ပြုပြင် ထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန် တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြ ကျေးရွာရှိ မစိုးရိမ်တိုက်သစ် သာသနဇောတိက ဘုန်းတော်ကြီးကျောင်း၌ ကွမ်းမိုးဒိန်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ် ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး ခရမ်းမြို့နယ် အတွင်းရှိ ကျေးရွာရပ်ကွက်များမှ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်ကျေးရွာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မှ ဦးဆောင်၍ အခြေခံပညာမူလတန်း ကျောင်းများ ဆောက်လုပ်ပြီးစီးမှု အခြေ အနေ၊ လမ်းတံတားများနှင့် ကျေးလက် ကျန်းမာရေး၊ ဆေးပေးခန်းနှင့် ခရမ်း ပြည်သူ့ ဆေးရုံအတွင်း ကျန်းမာရေး စစ်ဆေးကုသရေး စက်ကိရိယာများ ဖြည့်ဆည်း ဆောင်ရွက်ပေးမှုနှင့် ကျေး လက်ရေရရှိရေး ဆောင်ရွက်နေမှုအခြေ အနေများကိုလည်းကောင်း၊ခရမ်းမြို့နယ် အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင် တို့က ခရမ်းမြို့နယ်အတွင်း နိုင်ငံတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့က ကျေးလက်ဒေသ ဖွံ့ဖြိုး ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက ကြို့ဒိုးကျေးရွာနှင့် ကရင် ကျေးရွာမူလတန်းကျောင်းများ အတွက် ဘိလပ်မြေအိတ်များနှင့် ကံဘဲ့ မူလတန်းကျောင်း ဆောက်လုပ်မှု အတွက် ငွေကျပ်၁၀သိန်းနှင့် ကျေးရွာ သောက်သုံးရေတွင်း ၁၂တွင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၂၉

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ လျက် နိုင်ငံတော်အစိုးရပိုင် မော်တော် ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော် တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက ရန်ကုန်မြို့၏ အချက် အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန် မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ် မသုံးစွဲရ နေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း တို့ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေး ကြသည်။ **(သတင်းစဉ်)**

မေလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဧပြီ ၂၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်မည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နှစ်ရက်မှ လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ၁၂၀(လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီ မီတာ၉၀ (သုံးပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ၃၀ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၉၀(သုံးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ(တစ်ပေခွဲခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဒေါ်ခင်မြ သမီး မကြင်အေး မင်္ဂလာဈေး စိန်တေဇာအထည်ဆိုင် မိသားစုက ဖခင်ကြီး ဦးကြင်ခင်အားရည်စူး၍ အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတည်ဆောက်ရေးငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရေးအတွက် စေတနာရှင်များက လှူဒါန်းလျက်ရှိရာ အလှူရှင်များဖြစ်ကြသည့် ဦးသောင်းစိန်–(ဒေါ်သိန်းရီ)၊ ဒေါ်ရင်လှမိသားစု ဝေ့စိန်စက်မှုလုပ်ငန်းမှ ဒုတိယအကြိမ် ငွေကျပ် ရှစ်သိန်း၊ (ဦးစစ်ယုံ)အား ရည်စူး၍ ဒေါ်ခင်စိန်မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးဝင်းကျော်မိုး–ဒေါ်ဝေမာဟန် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဇော်ထွန်းသင့်–ဒေါ်ခင်သီတာ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်ကြည်–ဒေါ်စန်းရီမိသားစုက ငွေကျပ် ငါးသောင်း၊ ဦးဘစိန်–ဒေါ်ညှာ မိဘများအား ရည်စူး၍ သား သမီးမြေးတစ်စုက ငွေကျပ်ငါးသောင်း၊ အမှတ်(၁)စက်မှုဝန်ကြီး ဌာန မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးအေးကို–ဒေါ်ရွှေမြင့်(ယမုံနာ) မိသားစု (ဒုတိယအကြိမ်)က ငွေကျပ်ငါးသောင်းစသည်ဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ခဲ့ကြသည်။

တောင်ဘက်စောင်းတန်းတော်ကြီးကို လာမည့်မေလမှ စတင်၍ တည် ဆောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆို

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံ ပရဝဏ်ပတ်ဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက် ကြသည်။

ပုံတူရုပ်တုသန့်ရှင်းရေး

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များစုပေါင်း၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက် အအုံပရဝဏ် အတွင်း အပြင် ပတ်ဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း အဆောက်အအုံရှေ့ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သင်္ကေတပုံရုပ်တုအား သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် တောင်ဥက္ကလာပ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံ ပရဝဏ်ပတ်ဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

စံပြကျေးရွာဖွင့်လှစ်

ရှေးဦးစွာ နံနက် ၁၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် နဲသမိန် စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးတို့က စံပြကျေးရွာ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နဲသမိန်ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပညာလောက စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးက ရုံးနှင့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကျေးရွာစာကြည့်တိုက်အတွက် တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံအုပ်ရေ ၄၀၀ ကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာကြည့်တိုက် အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ နဲသမိန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်နှစ်သောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်တစ်သောင်းနှင့် ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးထောင် စုစုပေါင်းငွေကျပ် ၈၅၀၀၀ကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်တိုင်းမှူးသည် စပါးခွဲလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို ကြည့်ရှုအားပေးသည်။

ကြက်ဆူပင်စိုက်ပျိုး

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် စံပြကျေးရွာ၏ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်ကို ကြည့်ရှုကြပြီး ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထုပ်များအတွင်း ပျိုးထောင်ပေးကြကာ တာဝန်ရှိသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် နဲသမိန်တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မူလတန်းကြို ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပြုလွှာလက်ခံ

တိုင်းမှူးက စံပြကျေးရွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုအမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကို လက်ခံသည်။

ယင်းနောက် နဲသမိန်တိုက်နယ်ဆေးရုံအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို တိုင်းမှူးကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင်အလှူရှင်များက ငွေကျပ် ၈၅၀၀၀၀ကိုလည်းကောင်း စုစုပေါင်း အလှူငွေကျပ် ၁၈၅၀၀၀၀ကို ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်ခင်မျိုးလတ်ထံ ပေးအပ်လှူဒါန်းကြသည်။

ထောက်ပံ့ငွေ

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် နဲသမိန် တိုက်နယ်(၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဆေးရုံ သားဖွားခန်း၊ဆေးသိုလှောင်ခန်း၊ အလှူရှင်ဦးချစ်ဖေ၊ ဒေါ်မယ်အုံ့လှူဒါန်းသည့် သံဃာဆောင်၊ အလှူရှင် ဦးစွမ်းကျင်-ဦးကျင်စွမ်နှင့် ဦးစိန်လင်းမိသားစု တို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၆၀တန်ဖိုးရှိ တိုက်နယ်ဆရာဝန် နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် သံပုရာကုန်းကျေးရွာ အနီးရှိ ဒေါ်မေ၏ လယ်မြေ၌ ကျင်းပသည့် နွေစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ယင်းနောက် တိုင်းမှူးက စပါး အထွက်တိုးစေရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်သုံးစွဲကြရေး၊ စပါး တစ်မိုးနှစ်သီး စနစ်တကျ စိုက်ပျိုးကြရေးတို့ကို မှာကြားသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအနီးရှိ တောင်သူ ဦးပေသီး၏ အစေ့ထုတ်ပြောင်း စိုက်ခင်း ၁၀ ဧကကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr.Tran Trong Khanh နှင့်အဖွဲ့သည် ဧပြီ ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိကာယ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၉

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ် အဖွင့်ကျမ်းများ ကျမ်းပြု အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) ဦးစီးဖွင့်လှစ်သော အာဂုံဆောင် နိကာယ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ ဓမ္မသုခကျောင်း တိုက်နာယက နိုင်ငံကျော်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မင်္ဂလာသိဒ္ဓိ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အရှင်စန္ဒဇောတိက သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း မိန့်ကြားတော်မူပြီး **(အပေါ်ပုံ)** စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ရေစက်ချတရား ချီးမြှင့်ရာ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၀၇

(တနင်္လာနေ့)

(၁၃၆၉ခုနှစ် ကဆုန်လပြည့်နေ့)

(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သုဓေ္ဒးတန်းကျောင်းဆရာတော် ဘဒ္ဒန္တ မာနိတသီရိဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ဟောကြားတော်မူအပ်သော ဗုဒ္ဓအခါတော်နေ့ တရားတော်
၈း၁၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၃၀	၆။	International News
၈း၄၅	၇။	Hill of Dhamma

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ဓမ္မပူဇာတေးအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၀၀	၅။	အကပဒေသာ
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	**ဒီအိုတီအက်စ်** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ-သိန်းဟန်၊ဖီးနစ်)
၁၇း၂၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၃၅	၉။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၄၅	၁၀။	ကဆုန်လပြည့်နေ့တေးများ
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင်ခြားသော်လည်း** (အပိုင်း-၁၄)
၁၉း၅၀	၁၅။	ကုသိုလ်ပန်းဝေသွန်းညောင်ရေ
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးဒုတိယချစ်ပုံပြင်** (အပိုင်း-၅)
	၂၁။	**သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော် (သံဝေဇနိယလေးဌာန) (ဖွား၊ပွင့်၊ ဟော၊စံ)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

အက်စပရင်နှင့်အကိုက်အခဲပျောက်ဆေးဝါးများ အယ်ဇိုင်းမားရောဂါကို အထောက်အကူမပြုနိုင်

နယူးယောက် ဧပြီ ၂၉

အကိုက်အခဲပျောက်ဆေးပြားများသည် အယ်ဇိုင်းမားကဲ့သို့သော ရောဂါများကို မည်သို့မျှ အကျိုးပြုနိုင်မှုမရှိကြောင်း၊ ရောဂါဖြစ်ပွားမှုကိုလည်း ဟန့်တားကာကွယ်မှု မပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အက်စပရင်နှင့် အခြားအဆစ်အမြစ်ရောင် ဝေဒနာများအတွက် အသုံးပြုသောဆေးဝါးများမှာ စိတ်ဖောက်ပြန်မှုရောဂါနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ရောဂါများကို အကာအကွယ်မပေးနိုင်ကြောင်း အမေရိကန်သုတေသနပြုချက်နှစ်ရပ်၌ ဖော်ပြထားသည်။

ဖော်ပြ

ပထမသုတေသနပြုချက်၌ အမျိုးသမီး ၆၀၀၀ ကျော်အား အဆိုပါ ဆေးဝါးများ တိုက်ကျွေးပြီး စောင့်ကြည့် သုတေသနပြုခဲ့ရာ အယ်ဇိုင်းမားရောဂါနှင့် အခြားရောဂါများအတွက် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ဗြိတိသျှဆေးဝါးဂျာနယ်တစ်ခု၌ ဖော်ပြခဲ့ကြသည်။

ထူးခြားမှု

နောက်သုတေသနပြုမှုမှာ အယ်ဇိုင်းမားရောဂါနှင့် ဆက်နွယ်သော အမျိုးသမီး ၂၀၀၀ တို့အား အက်စပရင်နှင့် အခြားအကိုက်အခဲပျောက်ဆေးပြားများသုံးစွဲစေပြီး အချိန်ယူသုတေသနပြုခဲ့ရာ ပြောပလောက်သော ထူးခြားတိုးတက်မှုမရှိကြောင်း အမေရိကန်သုတေသနပညာရှင် ရီဘီကာဝုဒ်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လက်တော့ပ်အသုံးပြုခြင်းသည် ကလေးများအတွက်အကျိုးရှိ

လန်ဒန် ဧပြီ ၂၉

ကလေးများအနေဖြင့် လက်တော့ပ်များ အသုံးပြုခြင်းဖြင့် ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားစေပြီး အာရုံစူးစိုက်မှု အားကောင်းလာစေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နေ့စဉ်သတင်းအချက်အလက်များကို ရယူသုံးစွဲနေသော ကလေးများသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး တိုးတက်ဖြစ်ပေါ်မှုအပေါ် အထောက်အကူပြုကြောင်း ဗြိတိန်သုတေသနပညာရှင် ပါမောက္ခလောရစ်ချာလစ်က ပြောကြားသည်။

အနေအထား

လက်တော့ပ်များသုံးစွဲမှုသည် ကလေးများ မိုဘိုင်းလ်ဖုန်းသုံးစွဲမှုထက် ဆိုးကျိုးများစွာ လျော့နည်းကြောင်း၊ လက်တော့ပ်များသုံးစွဲရာတွင် လက်တော့ပ်နှင့် သုံးစွဲသူကလေးငယ်များ အနည်းငယ်ကွာဝေးနေသော အနေအထားရှိသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကလေးများအနေဖြင့် မိုဘိုင်းလ်ဖုန်းသုံးစွဲမှုထက် လက်တော့ပ်သုံးစွဲမှုက ကျန်းမာရေးအတွက် ဆိုးကျိုးမပေးနိုင်ကြောင်း ပါမောက္ခ လောရစ်ချာလစ်က ပြောကြားသည်။ (အင်တာနက်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်္ဂလန်၌ လေပြင်းလှုပ်၊ နေအိမ်အများအပြားပျက်စီး

လန်ဒန် ဧပြီ ၂၉

အင်္ဂလန်အရှေ့တောင်ပိုင်း ကင့်ပြည်နယ် ဖော်ကေးစတုန်းအရပ်၌ ဧပြီ ၂၈ ရက် နံနက်ပိုင်းက အင်အား ၄ ဒသမ ၃ ရှိ မြေငလျင်တစ်ခုလှုပ်ခဲ့ရာ ရာပေါင်းများစွာသော နေအိမ်များ ပျက်စီးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါမြေငလျင်မှာ ပြင်းထန်သော မြေငလျင်ကဲ့သို့ နေအိမ်အဆောက်အအုံများ လုံးဝပြိုကျသွားအောင် လှုပ်ခဲ့ခြင်းမဟုတ်သော်လည်း နေအိမ်အမိုးများ၊ အကာအရံများ ကွဲအက်ပျက်စီးသွားအောင် လှုပ်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းငလျင်ကြောင့် နေအိမ် ၇၃ လုံး ပျက်စီးသွားခဲ့ရာ အချို့မှာ မြေငလျင်ထပ်လှုပ်မည်ကို စိုးရိမ်ပူပန်နေကြသဖြင့် နေအိမ်သို့မပြန်ဘဲ လမ်းများပေါ်တွင် ရှိနေကြသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်ကိုးဦး အီရတ်၌ တိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၉

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင်ငါးဦးသည် ဧပြီ ၂၇ ရက်က အန်ဘာပြည်နယ်၌ ကင်းလှည့်စဉ် လမ်းဘေးဗုံးထိ၍လည်းကောင်း၊ အခြားတပ်ဖွဲ့ဝင်လေးဦးမှာ ဧပြီ ၂၈ ရက်က ဘဂ္ဂဒက်မြို့၌ ကင်းလှည့်စဉ် လမ်းဘေးဗုံးထိ၍လည်းကောင်း သေဆုံးခဲ့သည်ဟု ဆိုသည်။

သတင်းထပ်မံရ

ဧပြီ ၂၈ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၆၀ သေဆုံးခဲ့ပြီး ၁၇၀ ဒဏ်ရာရရှိသွားကြောင်း သတင်းထပ်မံရရှိသည်။ **(အင်တာနက်)**

စင်ကာပူနှင့် ဗီယက်နမ် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

စင်ကာပူ ဧပြီ ၂၉

စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပညာရေးပူးပေါင်းဆောင်ရွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို ဧပြီ ၂၅ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ကြကြောင်း၊ ယင်းအစီအစဉ်တွင် နှစ်နိုင်ငံကျောင်းသားများ၏ ပညာရေး ဖလှယ်ရေးနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးများ ပါဝင်သည်။

နှစ်နိုင်ငံရှိကျောင်းများ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များပါဝင်ကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် ဗီယက်နမ်ကျောင်းသားများအား ပို၍ ပညာတော်သင် ထောက်ပံ့ကြေးငွေများ ပေးအပ်လိမ့်မည်ဖြစ်ကြောင်း စင်ကာပူ ပညာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သင်တန်းပို့ချမည်

အဆိုပါ သဘောတူညီမှုတွင် ကျောင်းများမှ ဝန်ထမ်းများအားလည်း အနီးကပ်သင်ကြားပို့ချမှုများ ပြုလုပ်ပေးမည်ဖြစ်ရာ ယခုနှစ်တွင် ဗီယက်နမ်ကျောင်းများမှ ကျောင်းအုပ်များအား စင်ကာပူနိုင်ငံ အမျိုးသားပညာရေး တက္ကသိုလ်နှင့် ဗီယက်နမ်နိုင်ငံ ပညာရေးနှင့် စီမံခန့်ခွဲရေးတက္ကသိုလ်တို့ ပူးပေါင်း၍ သင်တန်းများ ပို့ချသွားမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ရှန်ဟိုင်း ကားပြပွဲ ကျင်းပနေသည်ကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ၂၀၀၇ ခုနှစ်လက်ဘနွန် အလှမယ်အဖြစ် ရွေးချယ်ခံရသူ နာဒင်နဂျမ်အား ဧပြီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မသင်္ကာဖွယ် အကြမ်းဖက်သမား ၁၇၂ဦး ဆော်ဒီအာရေဗျ၌ ဖမ်းဆီးမိ

ရီယတ် ဧပြီ ၂၉

ဆော်ဒီအာရေဗျနိုင်ငံက အကြမ်းဖက်ကလာပ်စည်းများမှ မသင်္ကာဖွယ် ကလာပ်စည်းအဖွဲ့ဝင် ၁၇၂ဦးကို ဖမ်းဆီးလိုက်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ဧပြီ ၂၈ ရက်တွင် ကြေညာသည်။

ကိုးကားဖော်ပြ

ဖမ်းဆီးမိသော မသင်္ကာဖွယ်အကြမ်းဖက်သမားများတွင် ဆော်ဒီအာရေဗျနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ပါဝင်ကြောင်း ဆော်ဒီအာရေဗျ ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး မန်ဆူးအယ်တာဘီက ပြောကြားကြောင်း ကိုးကားဖော်ပြသည်။

သိမ်းဆည်းရမိ

ထိုအတောအတွင်း မသင်္ကာဖွယ်အကြမ်းဖက်သမားများကို ဖမ်းဆီးစဉ် ငွေကြေးအမြောက်အမြားကိုလည်း ရဲတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိလိုက်သည်။

သဲကန္တာရအတွင်း မြှုပ်နှံထားသည့် လက်နက်အများအပြား တူးဖော်တွေ့ရှိသည်ကို ရုပ်မြင်သံကြားက ရိုက်ကူးပြသသည်။ လက်နက်များအနက် ပလတ်စတစ်ဖောက်ခွဲရေး ပစ္စည်းများ၊ ကျည်ဆန်များနှင့် သေနတ်များပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၏ ဒုံးလက်နက်ဖြန့်ကြက်ရေးအစီအစဉ် ရုရှားသမ္မတ ကန့်ကွက်

မော်စကို ဧပြီ ၂၉

ပိုလန်နှင့်ချက်သမ္မတနိုင်ငံတို့တွင် ထားရှိရန် ကမ်းလှမ်းသည့် အမေရိကန်ဒုံးဖြန့်ကြက်ရေးအစီအစဉ်မှာ ရုရှားနိုင်ငံ စစ်ရေးလှုပ်ရှားမှုများကို ခြေရာခံ စောင့်ကြည့်ရေး အတွက် အသုံးချနိုင်ကြောင်း ရုရှားသမ္မတ ပူတင်က ချက်သမ္မတ ဗကလက်ကလော့အား ဧပြီ ၂၇ ရက်က ပြောကြားလိုက်သည်။

ပြောကြား

မိမိတို့က မကန့်ကွက်၊ မတုံ့ပြန်လျှင် ထိုအမေရိကန် ဒုံးဖြန့်ကြက်ရေး အစီအစဉ်က ယူရယ်တောင်တန်းအထိ ဝေးကွာသော ရုရှားနယ်မြေပိုင်နက်ကို စောင့်ကြည့် အကဲခတ်နေမည်ဖြစ်ကြောင်း မော်စကိုသို့ရောက်ရှိနေသည့် ချက်သမ္မတကလော့အား ရုရှားသမ္မတ ပူတင်က ပြောကြားသည်။

ဆောင်ရွက်မည်

ဤကိစ္စနှင့်ပတ်သက်၍ မိမိတို့သည် စိတ်ကယောင်ချောက်ချားဖြစ်မည်မဟုတ်ကြောင်း၊ မိမိတို့သည် လုပ်သင့်လုပ်ထိုက်သော အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မလေးရှား၌ မျှော်စင်ပြိုကျ

ကွာလာလမ်ပူ ဧပြီ ၂၉

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာဘက်ချ်ပြည်နယ်တွင် ဧပြီ ၂၇ ရက်က မျှော်စင်ကြီးတစ်ခု ပြိုကျမှုကြောင့် အိန္ဒိယလူမျိုး အလုပ်သမား တစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိသွားခဲ့သည်။

၎င်းသည် ယင်းပြည်နယ်၏ မြို့တော် ကိုတာကီနာဘာလူမြို့တွင် ဧပြီ ၂၇ရက် မွန်းလွဲပိုင်းက ဆေးရုံသို့ ရောက်ပြီးအချိန်တိုအတွင်း သေဆုံးခဲ့ကြောင်း ဒေသတွင်း စတားသတင်းစာဝက်ဘ်ဆိုဒ်ကသတင်းထုတ်ပြန်ခဲ့သည်။

ယင်းမျှော်စင်နှင့် မြေအောက် ဓာတ်အားကြိုးများအား အလုပ်သမားများက သွယ်တန်း ဆက်သွယ်နေစဉ် ရုတ်တရက် ပြိုကျခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် တောင်အာဖရိက မျှော်လင့်

ပေကျင်း ဧပြီ ၂၉

တရုတ်ကုမ္ပဏီများ တောင်အာဖရိကနိုင်ငံ၌ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံကြရန်မျှော်လင့်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ်ကြီး ဒမ်မီဆိုအင်ဒီမာက ပြောကြားလိုက်သည်။

တောင်အာဖရိကနိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာ့ဖလားကျင်းပမည်ဖြစ်၍ လမ်းများ၊ လေယာဉ်ကွင်းများနှင့် ဆိပ်ကမ်းများ တည်ဆောက်ရေးအတွက် တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် မျှော်လင့်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား၌ နည်းပညာလွှဲပြောင်းပေးမှု ကာကွယ်မည်

ဆိုးလ် ဧပြီ ၂၉

တောင်ကိုရီးယားနိုင်ငံသည် ယင်းနိုင်ငံ၏ စီးပွားရေးနှင့် အမျိုးသားကာကွယ်ရေးအတွက် နည်းပညာများ တရားမဝင်သော နည်းလမ်းဖြင့် လွှဲပြောင်းပေးခြင်းမပြုရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ပိတ်ပင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဧပြီ ၂၆ရက်တွင် ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဂျင်တီးနား၌ ငလျင်လှုပ်

ဗျူးနို့စ်အေရီးစ် ဧပြီ ၂၉

အာဂျင်တီးနားနိုင်ငံ ဂျူဂျီပြည်နယ်တွင် ဧပြီ ၂၆ ရက်က ရစ်ချ်တာစကေး ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း အမျိုးသားငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် ဧပြီ ၂၆ ရက် နံနက် ၂ နာရီ ၂၆ မိနစ်တွင် ဗျူးနို့စ်အေရီးစ်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ၂၀၀၀ ခန့်အကွာကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာ၌ မိုးသည်းထန်စွာရွာသွန်း

ဘိုဂိုတာ ဧပြီ ၂၉

ကိုလံဘီယာနိုင်ငံ တိုလီမာဒေသအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုကျမှုတို့ကြောင့် လူခြောက်ဦးသေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဧပြီ ၂၇ ရက်တွင် ထုတ်ဖော် ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုတို့ကြောင့် ဖြစ်ပွားခဲ့သော အပျက်အစီးများကို ရှင်းလင်းနေဆဲ ဖြစ်ကြောင်း၊ ယင်းဒဏ်ခံစားခဲ့ရသည့် မိသားစုများအား ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေး တရုတ်နှင့် တွန်ဂါဝန်ကြီးချုပ်နှစ်ဦး ဆွေးနွေး

ပေကျင်း ဧပြီ ၂၉

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တွန်ဂါဝန်ကြီးချုပ် ဆီဗီလီတို့သည် ပေကျင်းမြို့လယ်ရှိ တရုတ်ပြည်သူ့ခန်းမကြီး၌ ဧပြီ ၂၇ ရက်က တွေ့ဆုံဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးကို လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် လူ့ နှစ်နိုင်ငံ ဝန်ကြီးချုပ်နှစ်ဦးတို့က အာမခံ အရင်းအမြစ် ကဏ္ဍတို့တွင် နှစ်နိုင်ငံ ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံ အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်မှုကိုလည်း ၎င်းတို့က ချီးကျူးပြောကြားကြသည်။

လွန်ခဲ့သည့်ကိုးနှစ်က နှစ်နိုင်ငံ သံတမန်ဆက်သွယ်ပြီးနောက်ပိုင်း မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန် လေးစားမှု၊ ပူးပေါင်းဆောင်ရွက်ရာ၌ အပြန်အလှန် အကျိုးရှိပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများကို နှစ်နိုင်ငံစလုံးက အစဉ်လိုက်နာကျင့်သုံးခဲ့ကြောင်း၊ ထိုကာလများအတွင်း တရုတ်နိုင်ငံက တွန်ဂါနိုင်ငံအား နိုင်ငံရေးအနှောင်အဖွဲ့ ကင်းရှင်းစွာ အကူအညီများပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဒေသတွင်း တည်ငြိမ်ရေး၊ စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းထားနိုင်ရန်အတွက် ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားလိုက်သည်။

တွန်ဂါဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာ၌ မိမိတို့နိုင်ငံက တရုတ်တစ်ပြည်တည်းမူဝါဒကို အခိုင်အမာ လေးစားထောက်ခံကြောင်း ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာရှဆက်သွယ်ရေး ကွန်ရက်ကေဘယ်လ်ကြိုး ဒေါ်လာသန်း ၅၀၀ အကုန်အကျခံတည်ဆောက်မည်

ပူထရာဂျာယာ (မလေးရှား) ဧပြီ ၂၉

အရှေ့တောင်အာရှနှင့် အမေရိကန်နိုင်ငံတို့အကြား အင်တာနက်ဆက်သွယ်မှုများ အရှိန်မြှင့်တင်ရေး အာရှဖုန်းကုမ္ပဏီများက အမေရိကန် ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ ရေအောက်ကေဘယ်လ်ကြိုး တည်ဆောက်သွားရန် စီစဉ်နေကြောင်း ဧပြီ ၂၇ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

အာရှနှင့် မြောက်အမေရိကအကြား ဆက်သွယ်ထားသော ဆက်သွယ်ရေးကေဘယ်လ်ကြိုးများသည် အပြည့်အဝကောင်းမွန်နေသော်လည်း အချို့မှာ အလွန်အိုဟောင်းနေပြီး မကြာမီ အနားပေးရန်လိုအပ်မည်ဖြစ်ကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးက ပြောကြားသည်။

ခရီးမိုင်ပေါင်း ၁၂၄၀၀ ရှိသည့် အဆိုပါ ကေဘယ်လ်ကြိုးစနစ်သည် မြေငလျင်လှုပ်၍ ပျက်စီးခြင်းမှလည်း ရှောင်ရှားနိုင်လိမ့်မည်ဟု ဆိုသည်။

အဆိုပါကေဘယ်လ်ကြိုးတည်ဆောက်ပြီးစီးချိန်တွင် မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံအကြား ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းကေဘယ်ကြိုးကို မကြာမီစတင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ၎င်းကေဘယ်လ်ကြိုးကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ကျန်ကျင်းပြည်နယ်ရှိ ကာတွန်းပွဲတော်၌ သရုပ်ပြဖျော်ဖြေမှုတစ်ရပ်ကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံသည် လမ်းမှားပေါ် လျှောက်လှမ်းနေကြောင်း နိုင်ငံသားသုံးဦးလျှင် နှစ်ဦးက သဘောထားဆန္ဒဖော်ပြ

ဝါရှင်တန် ဧပြီ ၂၉

အမေရိကန်နိုင်ငံသည် လမ်းကြောင်းအမှားပေါ်တွင် လျှောက်လှမ်းနေသည်ဟု အမေရိကန်နိုင်ငံသား သုံးဦးလျှင် နှစ်ဦးက ထင်မြင်ယူဆနေကြောင်း အင်န်ဘီစီသတင်းဌာနနှင့် ဝေါလ်စထရိတ်ဂျာနယ်မှ ပြုလုပ်သော လူထုသဘောထားစစ်တမ်းတစ်ရပ်အရ သိရကြောင်း ဧပြီ ၂၅ ရက်၌ ဖော်ပြသည်။

အမေရိကန်နိုင်ငံသား ၂၂ ရာခိုင်နှုန်းကမူ အမေရိကန်နိုင်ငံသည် လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ သို့သော် အမေရိကန်နိုင်ငံသား ၆၆ ရာခိုင်နှုန်းကမူ လမ်းကြောင်းအမှားပေါ် လျှောက်လှမ်းနေသည်ဟု ထင်မြင်ကြောင်း အမေရိကန်နိုင်ငံသား အရွယ်ရောက်သူ ၁၀၀၄ ဦးတို့အား ဧပြီ ၂၀ ရက်မှ ၂၃ ရက်အထိ သဘောထား စစ်တမ်းကောက်ယူရာတွင် ဖော်ပြခဲ့ကြသည်။

အကြောင်းပြချက်

အဆိုပါ သဘောထားစစ်တမ်းကောက်ယူမှုကို နှိုင်းယှဉ်လျှင် အမေရိကန်နိုင်ငံသည် လမ်းကြောင်း အမှားပေါ် လျှောက်လှမ်းနေသည်ဟု ထင်မြင်ယူဆကြသူ အရေအတွက်မှာ ၅၈ ရာခိုင်နှုန်းရှိနေပြီး လမ်းကြောင်းအမှန်အတိုင်း လျှောက်လှမ်းနေကြောင်း၊ ထင်မြင်သူမှာ ၂၅ ရာခိုင်နှုန်းရှိကြောင်း အင်န်ဘီစီနှင့် ဒဗလျူအက်စ်ဂျေတို့က ပူးတွဲကောက်ယူခဲ့သောပြီးခဲ့သည့် မတ်လစစ်တမ်းနှင့် နှိုင်းယှဉ်ကာ ဖော်ပြသည်။ သဘောထားဆန္ဒပေးကြသူများအနေဖြင့် အကြောင်းပြချက်တစ်ခုမှာ အီရတ်စစ်ပွဲကို ညွှန်းပြခဲ့ကြကြောင်း အင်န်ဘီစီသတင်းဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ဟင်းလျာ

ကမ္ဘာ့အကြီးဆုံး ဟင်းလျာကို ချက်ပြုတ်နေကြစဉ်။ (ယာပုံ)

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် စားဖိုမှူး ၂၀ က လူ ၆၀၀၀ ကျွေးနိုင်သည့် ဥပေါင်းစုံဟင်းလျာ တစ်မျိုးကို ချက်ပြုတ်ခဲ့ကြရာ ၎င်းဟင်းသည် ကမ္ဘာပေါ်တွင် ဥများနှင့် ချက်ပြုတ်ထားသော ဟင်းလျာများအနက် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ထူးခြားစွာ စွမ်းရည်ပြသူ

ထူးခြားစွာ စွမ်းရည်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ဘီလာရုစ်နိုင်ငံ မင့်ခ်မြို့တွင် ဒေသခံတစ်ဦးက ရိုးရာဓလေ့ပွဲတော်တစ်ခု၌ လေထဲတွင် ပန်းပွင့်များနှင့် စာလုံးများကို မီးပန်းများဖြင့် သရုပ်ပြ ရေးသားပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာကာသယာဉ်တစ်စင်း နာဆာလွှတ်တင်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၉

နာဆာ၏ အေအိုင်အမ် အာကာသ ယာဉ်တစ်စင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘတ်လေတပ် အခြေစိုက်စခန်းမှနေ၍ ဧပြီ ၂၅ ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါ အာကာသယာဉ်သည် အရှည် ၅၅ လက်မ၊ အကျယ် ၄၃ လက်မနှင့် အလေးချိန်ပေါင် ၄၃၀ ရှိကြောင်း၊ ကမ္ဘာ့ပတ်လမ်းကြောင်းမှနေ၍ ကမ္ဘာ့ဝန်ရိုးစွန်းဒေသရှိ လျှို့ဝှက်ဆန်းကြယ်သော ရေခဲတိမ်များကို ရှာဖွေလေ့လာမည့် ပထမဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး ကနေဒါနိုင်ငံ ၂၀၂၀ ပြည့်နှစ်အတွင်းဆောင်ရွက်မည်

အော့တာဝါ ဧပြီ ၂၉

ကနေဒါအစိုးရက ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကနေဒါနိုင်ငံ၏ မဟာဗျူဟာကို ထုတ်ပြန်ကြေညာလိုက်သည်။ ကျိုတိုသဘောတူစာချုပ်အရ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအာမခံချက်အတိုင်း မဆောင်ရွက်နိုင်သေးကြောင်း ဝန်ခံလိုက်သည်။

ယခု အသစ်ချမှတ်သည့် မဟာဗျူဟာအရ ယခုအချိန်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကနေဒါနိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၂၀ ရာခိုင်နှုန်း လျှော့ချမည်ဖြစ်ကြောင်း သိရသည်။

အလားအလာရှိ

ကနေဒါနိုင်ငံသည် ကျိုတိုသဘောတူစာချုပ်မှမထွက်ဘဲ ထိုစာချုပ်ပါ ခွဲတမ်းရည်မှန်းချက်ကို ပထမဆုံး လူသိရှင်ကြား စွန့်လွှတ်သည့် နိုင်ငံဖြစ်သည်။ စပိန်နှင့် အိုင်ယာလန် ကဲ့သို့သော စာချုပ်ဝင်နိုင်ငံများသည်လည်း ကနေဒါနိုင်ငံ၏ လမ်းစဉ်အတိုင်း ဆောင်ရွက်ရန် အလားအလာရှိသည်ဆိုသည်။ **(အင်တာနက်)**

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ၃၈ခုရှိသည့်အနက် အဖွဲ့ချုပ်အားလုံးသည် ၂၀၀၇ ခုနှစ်အတွက် မိမိတို့အဖွဲ့ချုပ်အားကစားနည်းများ တိုးတက်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရန် ကြိုတင်ပြင်ဆင်၍ စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

အခြေအနေ

ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် ငါးခု ရယူပေးခဲ့သော ဂျူဒိုအဖွဲ့ချုပ် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ပြီး တွဲဖက်အတွင်းရေးမှူး ဦးဗလကျော်သူ(ဦးစီးအရာရှိ၊ အား/ကာ)နှင့် တွေ့ဆုံ၍ နိုင်ငံတကာပြိုင်ပွဲအတွက် လေ့ကျင့်မှုအခြေအနေများကို မေးမြန်းရေးသားဖော်ပြအပ်ပါသည်။

ပဏာမ လက်ရွေးစင်များ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် ဤသို့လေ့ကျင့်လျက်ရှိကြသည်။

စတင်လေ့ကျင့်

တွဲဖက်အတွင်းရေးမှူး ဦးဗလကျော်သူက "နိုင်ငံတကာပြိုင်ပွဲများအတွက် မိမိတို့စခန်းသွင်းလေ့ကျင့်မှုကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်က အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၄ ဦးအား အုပ်ချုပ်မှုအဖွဲ့ လေးဦးနှင့် နည်းပြလေးဦးဖြင့် စတင်လေ့ကျင့်ခဲ့ကြောင်း၊ ယင်းနောက် လက်ရည်စစ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် ကျင်းပပြီး လူငယ်အမျိုးသား အများစုအပါအဝင် အမျိုးသား အားကစားသမား ၁၅ ဦး၊ အမျိုးသမီး သွေးသစ်လူငယ် နှစ်ဦးအပါအဝင်အမျိုးသမီး ၁၄ ဦး စုစုပေါင်း အားကစားသမား ၂၉ ဦး ပဏာမ လက်ရွေးစင်များအဖြစ် ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်စေခဲ့ကြောင်း၊ မိမိတို့ အဓိကရည်မှန်းချက်မှာ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရန် ရည်ရွယ်၍ လေ့ကျင့်လျက်ရှိကြောင်း၊ တနင်္ဂနွေတစ်ရက်သာ နားပြီး ကျန်ရက်များတွင် နေ့စဉ်နံနက် ၇နာရီမှ ၉ နာရီ၊ ညနေ ၃ နာရီမှ ၅ နာရီခွဲအထိ လေ့ကျင့်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတကာပြိုင်ပွဲအနေဖြင့် ဩဂုတ် ၂ရက်မှ ၅ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲပါဝင် ယှဉ်ပြိုင်ရန် ဖိတ်ကြားခြင်းခံထားရကြောင်း၊ ပြည်တွင်းပြိုင်ပွဲအနေဖြင့် မေလတွင် လူသစ်တန်းနှင့် သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲများကျင်းပရန် စီစဉ်ထားကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် ဂျူဒို အားကစားနည်းစနစ်များ တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံခြားနည်းပြ ငှားရမ်းလေ့ကျင့်ရန် အစီအစဉ်ရှိကြောင်း၊ မိမိတို့ အဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရန် အဘက်ဘက်မှ လိုအပ်ချက်များ ပံ့ပိုးပေးပြီး အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှလည်း ဂျူဒိုအားကစားနည်း အရှိန်အဟုန်မြင့်မားရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် လူငယ်ထုအတွင်း ဂျူဒိုအားကစားနည်း စိတ်ဝင်စားလာစေရန် နွေရာသီ အခြေခံဂျူဒိုသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ ကြိုတင်ပြင်ဆင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဗလကျော်သူက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဂျူဒိုပညာ

ဂျူဒိုအားကစားနည်းသည် ဂျပန်လူမျိုးတို့၏ ရိုးရာကိုယ်ခံပညာ အားကစားနည်းတစ်ရပ်ဖြစ်ပြီး ၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဂျူဒိုပညာ စတင်ရောက်ရှိလာသည်။ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ကို ၁၉၅၈ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအိုလံပစ်အသင်းနှင့် ဆက်သွယ်၍ ၁၉၆၆ ခုနှစ်တွင် အာရှ ဂျူဒိုအဖွဲ့ချုပ်နှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်များနှင့်လည်းကောင်း ဆက်သွယ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် ၁၉၆၅ ခုနှစ် တတိယအကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ စတင်၍ နိုင်ငံတကာပြိုင်ပွဲ ၁၈ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၅ ခု၊ ငွေ ၃၃ ခုနှင့် ကြေး ၅၉ ခု နိုင်ငံအတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂျူဒိုအားကစားနည်းတွင် အမျိုးသားနှင့် အမျိုးသမီး ရှစ်တန်းစီ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပဏာမလက်ရွေးစင်

ပဏာမ လက်ရွေးစင် အမျိုးသားအားကစားသမားများမှာ ရထားမှ မောင်မောင်စန်းနှင့် အောင်နိုင်ဦး၊ သစ်တောမှ ကပ်ကျင်းပေါင်၊ စက်မှု(၁)မှ ညီညီ၊ ဆောက်လုပ်ရေးမှ စိုင်းဝေလင်းနောင်နှင့် မြင့်ဇင်၊ ပြည်ထဲရေးမှ ထွန်းဝင်းလတ်၊ လယ်ယာ/ဆည်မြောင်းမှ ဇင်လင်းအောင်တို့ဖြစ်ပြီး အမျိုးသမီး ပဏာမလက်ရွေးစင်များမှာ ရထားမှ ဇင်မိမိသန်း၊ လေးကလျာအောင်နှင့် ခင်မျိုးသူ၊ စက်မှု(၁)မှ ဆဲလ်ဝီး၊ အေးအေးသင်းနှင့် သန္တာဝင်း၊ အား/ကာသိပ္ပံမှ ခင်ခင်စုနှင့် အေးအေးအောင်၊ ဆောက်လုပ်ရေးမှ ဆွေဇင်ဦး၊ အေးအေးအောင်နှင့် စုစုလှိုင်၊ ပြည်ထဲရေးမှ ရတနာစုဝေဖြိုးနှင့် ချိုချိုစန်း၊ အောင်ထွန်းကျော်၊ စောမိုင်းစံ၊ ဟိန်းလတ်ဇော်နှင့် ဇော်နိုင်၊ ကာကွယ်ရေးမှ ကျော်စိုးနိုင်၊ အောင်မိုး၊ စောရန်အောင်၊ သစ်တောမှ အေးအေးမိုးတို့အား စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကီလို (-၉၀) တန်း ရွှေတံဆိပ်ဆုရှင် လယ်ယာ/ဆည်မြောင်းမှ ပဏာမလက်ရွေးစင် ဇင်လင်းအောင် စက်ကိရိယာဖြင့် ခြေထောက်သန်မာအောင် လေ့ကျင့်စဉ်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အရက်ပုန်းဆိုင် ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက် ဦးဖိုးလမ်းအတွင်းရှိ အိမ်တစ်အိမ်သည် နေ့ည အရက်ပုန်းရောင်းချလျက်ရှိသဖြင့် မူးယစ်သောက်စားသူများ၏ အော်ဟစ်ဆူပူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏဖြစ်လျက်ရှိရာ လမ်းသွား လမ်းလာများ၊ ပတ်ဝန်းကျင်နေအိမ်များမှ လမ်းသူလမ်းသားများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ အဆိုပါဆိုင်အား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဦးဖိုးလမ်းသား

ရေပေးချိန် အချိန်မှန်ပေးပါ

စာတည်းခင်ဗျား-

ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက်တွင် အိမ်သုံးရေကို တစ်ပတ်၊ ဆယ်ရက်ကြာမှ တစ်ခါရရှိပါသည်။ ရေပေးချိန်ကို နှစ်ရက်တစ်ကြိမ် အချိန်မှန်ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **ရေလိုအပ်သူ**

လမ်းပေါ်မှ ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မော်လမြိုင်မြို့နယ် ငွေးကုန်းရွာနှင့်နောင်ခရီရွာနှစ်ခုကြား ဆက်သွယ်ထားသော လမ်းဆုံ လမ်းမပေါ်တွင် ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်အကြော်ဆိုင်၊ အအေးဆိုင်တို့ကို ဝါးထရံကပ်တဲများဖြင့် ဆောက်လုပ်ထား၍ လမ်းတစ်ခြမ်းသာ ကျန်ပါတော့သဖြင့် အများပြည်သူများ၊ ဆိုင်ကယ်များ သွားလာရန် ခက်ခဲလျက်ရှိပါသည်။ သို့ပါ၍ လမ်းပေါ်မှကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

ဝက်ခြံမှ အနံ့ဆိုးကြောင့် ကျန်းမာရေး ထိခိုက်

စာတည်းရှင့်-

ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် စကားဝါလမ်းထိပ် အိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်နေပါ၍ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

အမှိုက်စွန့်ပစ်မှု စနစ်ကျစေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ အိမ်ရာဝင်းအတွင်း ဗဟိုလမ်းမကြီးပေါ် ရိုးကြီးချောင်းတံတားအနီးရှိ အမှိုက်သိမ်းကန်သည် ကန်ပြိုကျပျက်စီးပြီး ကပ်လျက်ရှိ ရေမြောင်းအတွင်းသို့ အမှိုက်များကျခြင်းနှင့် စည်းကမ်းမဲ့စွာ စွန့်ပစ်မှုများကြောင့် ရေမြောင်းပိတ်ဆို့ကာ လူနေအိမ်ရာများသို့ ရေများလျှံတက်လေ့ရှိသဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

သတ်မှတ်ဈေးနှုန်းအတိုင်း ကားခ တောင်းခံစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော ရန်ကုန် မြောက်ပိုင်းခရိုင်နှင့် ရန်ကုန် အနောက်ပိုင်းခရိုင် လက်အောက်ရှိ ယာဉ်လိုင်းအမှတ် ၁၃၁၊ ၁၃၂ (မှော်ဘီ-ရန်ကုန်၊ တိုက်ကြီး-ရန်ကုန်)ဟိုင်းလတ်ယာဉ်ငယ်များမှာ သတ်မှတ်ထားသော ဈေးနှုန်းထက်ပို၍ တောင်းခံနေပါသည်။ ဥပမာ-မင်္ဂလာဒုံဈေးမှ သီရိမင်္ဂလာဈေး (သို့မဟုတ်) သခင်မြပန်းခြံအထိ ကျပ်တစ်ရာသာ သတ်မှတ်ထားသော်လည်း ကျပ်နှစ်ရာ တောင်းပါသည်။ ထို့အတူ ရန်ကုန်မှ မှော်ဘီအထိ ကျပ်နှစ်ရာ သတ်မှတ်ထားသော်လည်း ကျပ်သုံးရာ ပေးရပါသည်။

သို့ပါ၍ ယာဉ်များပေါ်တွင်ဖော်ပြထားသော ဈေးနှုန်းများအတိုင်းသာ ကောက်ခံကြရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး**

သံနန်းဆွဲသံနှင့် ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေကြရ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၃)ရပ်ကွက် ညီညွတ်ရေးလမ်းရှိ အိမ်တစ်အိမ်တွင် သံနန်းဆွဲလုပ်ငန်း လုပ်ကိုင်နေပါသည်။ ထိုသံနန်းဆွဲလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နေကြရပါသဖြင့် ၎င်းသံနန်းဆွဲလုပ်ငန်းကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညီညွတ်ရေးလမ်းသား

ပီပါထုရိုက်သံ နားမခံနိုင်မှု ရှင်းလင်းပြီး

၉-၄-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့ (၁၉) ရပ်ကွက် နယ်မြေ (၁)ကန်စိမ်းလမ်းတွင် ပီပါထုရိုက်သံနားမခံနိုင်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

သစ်ခွဲစက်သံကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီး

၁၉-၂-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သာကေတမြို့နယ် (၈)ရပ်ကွက် နဝရတ်အောက်(၂)လမ်းရှိ သစ်ခွဲစက်သံကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

စွန့်ပစ်ရေကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၂-၄-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း ကျောက်တံခါးမြို့ ခေတ္တရာ ၃လမ်းနှင့် ၄လမ်းအတွင်း ဆန်စက်များ၊ မုန့်ဟင်းခါးစက်မှ စွန့်ပစ်ရေကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာ့တစ်လွှား အားကစား

ဖာဂူဆန်တို့အဖွဲ့ မြူးထူး၊ မော်ရင်ဟိုမှိုင်တွေခဲ့ရ

လန်ဒန် မေ ၂၉

မေ ၂၈ရက်ညပိုင်းက ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်များအပြီး ချယ်လ်ဆီးက ဘော်လ်တန်ကို နှစ်ဂိုးစီသရေကျကာ မန်ယူက အဲဗာတန်ကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ရာ ပရီမီယာလိဂ်သရဖူပိုင်ရှင် မည်သူဖြစ်မည်ဆိုသည်မှာ ပေါ်လွင်သွားခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးတို့ အိမ်ကွင်း၌ သရေပွဲဖြစ်သွားချိန်တွင် မန်ယူတို့က အဝေးကွင်း၌ အဲဗာတန်ကို ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည့်ပွဲ၌ မန်ယူအတွက် နောက်ဆုံးဂိုးကို အီးဂဲလ်စ်က သွင်းယူလိုက်ချိန်၌ မန်ယူနည်းပြ ဖာဂူဆန်တို့ ကခုန်ခဲ့ကြလေသည်။

ပြသလိုက်တာပါပဲ

ပွဲအပြီး ဖာဂူဆန်က **“ဒီနေ့ပွဲကတော့ ပရီမီယာလိဂ်မှာ တကယ့်ကိုကြီးကျယ်တဲ့ အောင်ပွဲတစ်ခုပါပဲ။ ကျွန်တော့်လူတွေ အကောင်းဆုံးကစားသွားနိုင်ကြတယ်။ ပြိုင်ပွဲတစ်ခုမှာ ရလဒ်ဘယ်လိုပဲ ကွာခြားနေပါစေ မန်ယူဟာအချိန်မရွေး အဲဒီရလဒ်တွေကို ပြောင်းလဲပစ်နိုင်တယ်ဆိုတာ ပြသလိုက်တာပါပဲ”**ဟု ပြောကြားခဲ့သည်။

အိပ်မက်မဟုတ်တော့ဘူး

ပထမပိုင်းပွဲချိန်၌ အဲဗာတန်တို့ ဦးဆောင်ဂိုးတစ်ဂိုးနှင့် ဒုတိယပိုင်းတွင် တစ်ဂိုးထပ်မံသွင်းယူလိုက်ချိန်၌ မန်ယူ၏အနေအထားနှင့် ပတ်သက်၍လည်း ဖာဂူဆန်က **“ကျွန်တော်က ပွဲချိန်အတွင်းမှာ နှစ်ဖက်စလုံးကို အာရုံစိုက်ထားပြီး ကြည့်ရှုနေတာပါ။ ဘယ်လို နည်းဗျူဟာကို ဘယ်အချိန်သုံးမယ်၊ ဘယ်သူနဲ့တွဲပြီး ပြောင်းသုံးမယ်ဆိုတာ တွက်ချက်ထားတာမို့ ဒီပွဲကို အခုလို အနိုင်ကစားနိုင်ခဲ့တာပါ။ အခုတော့ ချယ်လ်ဆီးနဲ့လဲ ပွဲတူငါးမှတ် ကွာသွားပြီဆိုတော့ ကျွန်တော်တို့အတွက် ပရီမီယာလိဂ်ဖလားဟာ အိပ်မက်မဟုတ်တော့ပါဘူး”**ဟု ဆက်လက် ပြောကြားသွားသည်။

အဲဗာတန် အသင်းခေါင်းဆောင် ဖီးလ်နဗီးကလည်း **“ကျွန်တော်တို့ အသာစီးရခဲ့ပေမယ့် ဦးဆောင်မှုကိုမထိန်းနိုင်ခဲ့ဘူး၊ အမှားအယွင်းတွေလဲ ဖြစ်ခဲ့ရတယ်။ ကျွန်တော်ကိုယ်တိုင် အမှားတစ်ခုထက်မနည်းဖြစ်ခဲ့မှုအပေါ် မန်ယူက အသုံးချသွားနိုင်တာပါပဲ”**ဟု သူ့ခံစားမှုကို ဖွင့်ဟသွားခဲ့သည်။

ဖလားရရှိမည်

မန်စီးတီး၊ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းတို့ဖြင့် ကစားရန်ကျန်ရှိနေသော်လည်း ဖလားရရှိရေးမှာ အနီးကပ်ဆုံး အနေအထားသို့ ရောက်ရှိသွားပြီဖြစ်သည့် မန်ယူသည် အဝေးကွင်း

မှိုင်တွေသွားသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

မြူးထူးကခုန်နေသော မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ–အင်တာနက်)

နှစ်ပွဲနှင့် အိမ်ကွင်းတစ်ပွဲတို့တွင် တစ်ပွဲရှုံးသော်လည်း ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်မည်ဖြစ်သည်။

အခက်အခဲဖြစ်သွား

မန်ယူကို နောက်မှလိုက်၍ ထက်ကြပ်မကွာ ဖိအားပေးနေသော ချယ်လ်ဆီးတို့ အိမ်ကွင်း၌ဘော်လ်တန်ကို မမျှော်လင့်ဘဲ နှစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့သဖြင့် မန်ယူနှင့် ရမှတ်ကွာဟသွားရာ လက်ရှိပရီမီယာလိဂ် ချန်ပီယံဆုကို ကာကွယ်ရေးအတွက် အခက်အခဲဖြစ်သွားပြီ ဖြစ်သည်။

သို့သော် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက **“ပြိုင်ပွဲက မပြီးသေးပါဘူး၊ အမှတ်ကွာခြားမှုကလဲ ဒီလောက်မကြီးမားသေးပါဘူး၊သချာနည်းဆန်ဆန် တွက်ကြည့်မယ်ဆိုရင် အခွင့်အရေးရှိနေတယ်ဆိုတာ လက်ခံရမှာပါ။ အဲ့ဒီအခွင့်အရေးကိုလဲ ကျွန်တော်တို့ ရရှိမယ်လို့ယုံကြည်နေပါတယ်”** ဟု ပြောကြားသည်။

မန်ယူကိုအရှိန်အဟုန်ဖြင့် ဖြတ်ကျော်ရန်ကြိုးစားနေသော ချယ်လ်ဆီးသည်အခွင့်အရေးအချို့ လက်လွတ်ဆုံးရှုံးခဲ့ရမှုကိုလည်း မော်ရင်ဟိုက ဝန်ခံထားသည်။ **“ကျွန်တော်တို့ အခွင့်အရေးတွေ ဆုံးရှုံးလက်လွှတ်ခဲ့ရတယ်။ တချို့ပွဲတွေမှာ ကျွန်တော်တို့သရေ မဖြစ်သင့်ပါဘူး။ အခုအချိန်မှာ မန်ယူဟာ နှစ်ပွဲလောက်ရှုံးနိုင်သလို ကျွန်တော်တို့ကလဲ ကျန်သုံးပွဲလုံး အနိုင်ရနိုင်တာမို့ ကြိုးစားဖို့ရှိနေပါသေးတယ်”**ဟု မော်ရင်ဟိုက ပြောကြားသည်။

ဝန်ခံခဲ့

ချယ်လ်ဆီးအနေဖြင့်ဘော်လ်တန်နှင့်သရေဖြစ်ခဲ့သည့်ပွဲ၌ မိုက်ကယ်ဘောလက်က ခြေချင်းဝတ် ဒဏ်ရာရရှိပြီး ရာသီကုန်အထိမကစားနိုင်တော့သလို ကာဗယ်ဟိုမှာလည်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် နောက်ပွဲစဉ်များနှင့် လွဲဖွယ်ရှိနေရာ ချယ်လ်ဆီးအတွက် အထိနာသော ထိုးနှက်ချက်များပင်ဖြစ်ကြောင်း မော်ရင်ဟိုက ဝန်ခံခဲ့သည်။

လက်ရှိအချိန်တွင် ပရီမီယာလိဂ်ဖလားရရှိရေးမာရသွန်ခရီးပန်းအဝင်၌ မန်ယူကချယ်လ်ဆီးရှေ့မှ ငါးမှတ်အကွာဖြင့် လွတ်လွတ်ကျွတ်ကျွတ်ပန်းဝင်ရန် ကြိုးစားနေပြီ ဖြစ်ပါကြောင်း။ **(ကိုးကား–အင်တာနက်)**

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း အတိုအထွာ

- **လီဗာပူးအသင်းမှ အဓိက ကစားသမားများဖြစ်ကြသည့် ဂျရတ်၊ ကာရေဂါနှင့် ဂိုးသမားရေနာတို့သည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပရီမီယာလိဂ်တွင် ပါဝင်ကစားခြင်း မပြုဘဲ အနားယူလျက်ရှိသည်။**

—

- မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ပတ်ဂျီဆန် သည် ဒူးခေါင်းခွဲစိတ်ခံထားရသဖြင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားလိုက်သည်။

—

- **ပြီးခဲ့သော ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် မန်ယူ၏ကစားပုံမှာ ဘရာဇီးကစားကွက်ပုံစံအတိုင်း ကစားခဲ့ကြောင်း အေစီမီလန်တိုက်စစ်မှူး ကာကာက ပြောကြားလိုက်သည်။**

(အင်တာနက်)

ဝင်းဂါးနည်းပြလုပ်နေသရွေ့ အာဆင်နယ်၌ ကစားမည် တိုက်စစ်မှူးအွန်နရီ အခိုင်အမာပြောကြား

လန်ဒန် မေ ၂၉

အာဆင်နယ် အသင်းနည်းပြ အာစင်ဝင်းဂါး အာဆင်နယ်အသင်း၌ မန်နေဂျာလုပ်နေသရွေ့ မိမိအနေဖြင့်လည်း အာဆင်နယ်အသင်း၌သာ ကစားသွားမည်ဖြစ်ကြောင်းတိုက်စစ်မှူး အွန်နရီက အခိုင်အမာ ပြောကြားလိုက်သည်။

ထင်ကြေးပေး

တိုက်စစ်မှူးအွန်နရီသည် ယခုနှစ် ရာသီတွင် ဒဏ်ရာရမှု များနှင့် အချိန်ကုန်ခဲ့ရပြီးနောက် ၎င်း၏ အနာဂတ်နှင့် ပတ်သက်၍ ထင်ကြေးပေး ဝေဖန်မှုများရှိလာသည်။ သို့သော်လည်း၎င်းသည် ယမန်နှစ်နွေရာသီက လေးနှစ်စာချုပ် တစ်ရပ် အာဆင်နယ်နှင့် ချုပ်ဆိုထားသည်။

စာချုပ် ချုပ်ဆို

မိမိသည် ယမန်နှစ် နှစ်ကုန်ပိုင်းက အာဆင်နယ်အသင်းနှင့် လေးနှစ်သက်တမ်းစာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း အွန်နရီကပြောကြားသည်။ အာဆင်နယ်အသင်းမှ ဒေးဗစ်ဒိန်းထွက်ခွာသွားသော်လည်း နည်းပြအာစင်ဝင်းဂါးရှိနေသရွေ့ မိမိ အာဆင်နယ်တွင် ကစားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ဒဏ်ရာရ

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် အွန်နရီ ဒဏ်ရာရထားသဖြင့် မကစားနိုင်မှုကြောင့် ဖလားလက်လွှတ်ခဲ့ရသည်။

ဗီလျံဂါးလက်စ်နှင့် ဗန်ပါစီကဲ့သို့သော အဓိကကစားသမားများ ကာလရှည် မကစားနိုင်သဖြင့် ရမှတ်များ ကွာဟမှု ပို၍များလာကြောင်းလည်း ၎င်းက သုံးသပ်ပြောကြားသည်။ **(အင်တာနက်)**

ဒဏ်ရာရနေသောအာဆင်နယ်တိုက်စစ်မှူး အွန်နရီ။ (ဓာတ်ပုံ–အင်တာနက်)



ကိုးကားတင်ပြသူ မြင့်မောင်စိုး

ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ချယ်လ်ဆီးတက်ရောက်မည်ဟု မော်ရင်ဟိုပြောကြား

လန်ဒန် မေ ၂၉

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးကွင်း၌သွားရောက်ကစားသည့်အခါ မိမိတို့ အနည်းဆုံး တစ်ဂိုး–ဂိုးမရှိရလဒ်ဖြင့် အနိုင်ရရှိနိုင်မည် ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။

ဗိုလ်လုပွဲတက်မည်

ပထမအကျော့ အကြိုဗိုလ်လုပွဲ၌ ဒုတိယပိုင်း၌ ရရှိသည့် အခွင့်အရေးမျိုးရရှိလျှင် ဂိုးရအောင် သွင်းယူမည်ဟု စိတ်ကူးနေသော ဘင်နီတက်ဇ်အတွက် အနည်းဆုံးမိမိတို့က တစ်ဂိုး–ဂိုးမရှိရလဒ်ဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်မည် ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။ မော်ရင်ဟိုနှင့် ဘင်နီတက်ဇ်တို့နှစ်ဦးစလုံးက အင်န်ဖီးလ်ကွင်းတွင် သရေပွဲ မဖြစ်နိုင်ကြောင်း ပြောကြားထားသည်။

ပြောကြား

ဘင်နီတက်ဇ်ကမူ မိမိတို့ကွင်း၌ လီဗာပူးသည် မည်မျှ တောင့်တင်းကောင်းမွန်သည့် အသင်းဖြစ်ကြောင်း သိစေရမည်ဟု ပြောကြားထားသည်။

ပြင်ဆင်နေ

မော်ရင်ဟိုကမူ မိမိတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်ရန်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ဂျိုနသန်ဝုဒ်ဂိတ်အား မစ်ဒယ်ဘရော့ လေးနှစ်စာချုပ်

လန်ဒန် မေ ၂၉

ရီးရဲမက်ဒရစ်အသင်းမှ အငှားဖြင့်ခေါ်ယူထားသော နောက်တန်းအလယ် ကစားသမား ဂျိုနသန်ဝုဒ်ဂိတ်အား မစ်ဒယ်ဘရော့အသင်းက ပေါင်ခုနစ်သန်းဖြင့် အမြဲတမ်းကစားသမားအဖြစ် လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူလိုက်သည်။

အကျိုးသက်ရောက်

အသက် (၂၇) နှစ်ရှိ ဝုဒ်ဂိတ်သည် ဩဂုတ်လက ကာလရှည်အငှားဖြင့် ရီးရဲမက်ဒရစ်မှ မစ်ဒယ်ဘရော့သို့ လာရောက်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် ယခုချုပ်ဆိုထားသော လေးနှစ်စာချုပ်မှာ ဇူလိုင် ၁ရက်မှစပြီး အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ခေါ်ယူ

ဝုဒ်ဂိတ်ကို ၂၀၀၃ခုနှစ်တွင် နယူးကာဆယ်အသင်းက လိဒ်ယူနိုက်တက်မှ ပေါင်ရှစ်သန်းဖြင့် ခေါ်ယူခဲ့သည်။ ယင်းနောက် ၂၀၀၄ခုနှစ် ဩဂုတ်လက ရီးရဲမက်ဒရစ်အသင်းက ပေါင်၁၃ ဒသမ ၄သန်းဖြင့် ခေါ်ယူခဲ့သည်။ (အင်တာနက်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ အငြိမ်းစားသံအမတ်ကြီး ဦးဘုန်းမြင့်-ဒေါ်ကြူကြူလှိုင် (အထက်တန်းပြ၊ ငြိမ်း)တို့၏ သားငယ်

မောင်လှိုင်မိုးမြင့် [M.Engg: (Japan) M.Sc.IT (UK)]

Application Consultant

National Computer Systems Pte. Ltd, Singapore

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာမန်းစိုးမြင့် (အငြိမ်းစားညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန)-ဒေါ်ခင်ခင်လှတို့၏ တစ်ဦးတည်းသောသမီး

မမေစိုးမွန် B.Sc(Physics)Hons

တို့သည် ၂၈-၄-၂၀၀၇ ရက်တွင် (Dusit Inya Lake Hotel)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခြင်းနှင့် ၂၉-၄-၂၀၀၇ရက် ယင်း Hotel၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီး ဒေါ်ခင်မာတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပံ့ပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အားလည်းကောင်း အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လှိုင်မိုးမြင့်-မမေစိုးမွန်။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးပန်းကြိုင် [ပြည်နယ်-ဒုဦးစီးမှူး(ငြိမ်း)၊ လ.ဝ.က]-ဒေါ်မြင့်မြင့်တို့၏သား

မောင်မျိုးမင်း B.Sc (Maths)

Mechanical Engineering (S'pore)
Research & Development Technologist
Plaskon Semi-conductor Packaging Materials Pte Ltd. (S'pore)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)[အထွေထွေမန်နေဂျာ(ငြိမ်း)၊စက်မှု(၁)-ဆေးဝါး)-ဒေါ်အေးအေးမြင့် M.D (Dream World Co.,Ltd) (မြန်မာဗီနီဂါမိသားစု)တို့၏ တစ်ဦးတည်းသောသမီး

မသက်ထား B.Sc (Physics) (Hons 2nd yr)

Chemical Process Technology (S'pore)
Assistant Chemist (Quality Control Dept,)
Cookson Electronics Pte Ltd. (S'pore)

တို့၏ ၂၈-၄-၂၀၀၇ ရက် ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ၌ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီးဒေါ်မာလာတင့်အားလည်းကောင်း၊ ၂၆-၄-၂၀၀၇ ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးခဲ့သော တရားရုံးချုပ်တရားသူကြီးဦးချစ်လွင်နှင့် ဇနီးဒေါ်လေးမြင့်(ဦးသာရင်တိုင်းရင်းဆေး)အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်စိမ်းမိုမို၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မဝင်းစန္ဒာကြီး(ကိုကိုကြီးနှင့်ညီများ)၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် Ko Lu Lu နှင့်ပန်းအလှဆင် မြင့်သိန်းအုန်း(Nicky)၊ မေတ္တာဖြင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပေးသော ဦးဌေးဝင်း(ဘဏ်)၊ ဗီဒီယိုမှတ်တမ်းရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်း-မသက်ထား

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို တောင်ကုတ်မြို့ အဝေးပြေး ကားဂိတ်ဝင်းနေရာ၌ ဧပြီ ၂၈ရက်နံနက် ၈နာရီက ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို မေ ၇ ရက်ထိ ဖွင့်လှစ်ရောင်း ချ ပေး သွား မည် ဖြစ် ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထွက်ကုန်ပစ္စည်းများကို မည်သူမဆို လွတ်လပ်စွာ လက်လီလက်ကား ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၂ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင် ပေးအပ်စဉ်။ (က-ပ)

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ

- * ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို ၂၀၀၇ခုနှစ် မေလ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
- * သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သဘော် အသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- * အသီးပါအပင်အတွက် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းနှင့်
- * အသီးအနှံများအတွက် ပထမဆု ကျပ်ခုနစ်သောင်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်းတို့ကို သီးနှံတစ်မျိုးခြင်းအလိုက် ချီးမြှင့်မည်ဖြစ်ပါသည်။
- * မြန်မာနိုင်ငံအနှံ့ထွက်ရှိသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသထားမည်ဖြစ်ပါသည်။
- * ဟောပြော၊ ဆွေးနွေးပွဲများကိုလည်း ပါဝင်မည်ဖြစ်ပါ၍ စိတ်ဝင်စားသူများအားလုံး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
- * ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- * ဖုန်း- ၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆

မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း။

EUROPA ENGLISH FOR EVERYONE!
INTERNATIONAL EDUCATION ACADEMY
အင်္ဂလိပ်စာပေကျွမ်းကျင်မှုသင်တန်းများ
နိုင်ငံ့ဝန်ထမ်းအရာထမ်းအမှုထမ်းများ၊ဆရာဝန်များ၊ကုမ္ပဏီဝန်ထမ်းများ၊အဖွဲ့ကြီးများ၊အဖွဲ့ ့ရများ၊တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နှင့် အင်္ဂလိပ်စာပေကိုကျွမ်းကျင်စွာတတ်မြောက်လိုသူများတက်ရောက်နိုင်ပါသည်။
◆Level-I Pre-Intermediate ◆Level-III Higher Intermediate
◆Level-II Intermediate ◆General English Course
သင်တန်းစမည့်ရက် - 12. 5. 2007 (Sat)
အမှတ် (၆၉)၊ ကျောင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Phone : 220400
နိုင်ငံ့ဝန်ထမ်းများ ထောက်ခံစာများထုတ်ယူနိုင်ပါသည်။ စာရင်းသွင်းစတင်လက်ခံနေပါပြီ။

ကံမြင့်ကျောင်း အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၃၀ရက်(ကဆုန်လပြည့်နေ့)တွင် ဒေါက်တာကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်) ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မေ ၁ရက်တွင် ဒေါက်တာဝဏ္ဏသီရိ၊ မေ ၂ရက်တွင် ဒေါက်တာနန္ဒက (သီတဂူ ဗုဒ္ဓတက္ကသိုလ်)၊ မေ ၃ရက်တွင် ကျိုက္ကလော့ဆရာတော် ဒေါက်တာစန္ဒာဝရာဘိဝံသ၊ မေ ၄ရက်တွင် ဒေါက်တာ နန္ဒမာလာဘိဝံသ ပါမောက္ခချုပ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

7DAY SPORTS journal

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၄-၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ပါ ၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၆/၂၀၀၆ တွင် ရရှိခဲ့သော ဒီကရီအရ ဒေါ်မြကြီး-ကိုကျော်နိုင်တို့၏ ပစ္စည်းကို လေလံတင်ရောင်းချမည့်ရက်အား ၂၁-၅-၂၀၀၇ ရက်အစား ၂၈-၅-၂၀၀၇ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဧပြီ ၂၉ ရက်က နိုင်ငံတကာ အိုက်ကီဒို နှီးနှောဖလှယ်ပွဲတက်ရန် ရောက်ရှိလာသော ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်နိုင်ငံများမှ အိုက်ကီဒို နည်းပြဆရာများနှင့် အထူးဖိတ်ကြားထားသည့် ဂျပန်နည်းပြဆရာတို့က အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း သရုပ်ပြလေ့ကျင့်ပေးစဉ်။ (မြန်မာ့အလင်း)

GENIUS COMPUTER CENTER
Microsoft Office 2003
AutoCAD 2D, 3D
Network Professional
D.T.P
Graphic Design
Web Design Special Course
အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးသည်
၄၈၊ ဒုထပ်၊ တိုက်-၁၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်။ ဖုန်း -၅၀၂၉၄၂

Yes!! English School
May 2, 5, 7 စမည်
› Speaking
› Listening
› Reading
› Grammar
› TOEFL
၂၃၊ တ-ထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။ ဖုန်း - ၅၀၂၇၁၄

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် အတွင်း အမြင့်–ညောင်ပင်ဇောက်လမ်း (ချောင်းဦးမြို့နယ် အပိုင်း) ကတ္တရာလမ်း ခင်း ခြင်း လုပ်ငန်းကို စည်ပင် သာယာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး တံတားဦး၌ စာအုပ်နှင့်ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

တံတားဦး မေ ၁၇

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကြီးမှူးပြီးဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာအုပ်စာစောင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက မြေငူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် ကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးသန်းအေးတို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ်စာစောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတနာရှင်အလှူရှင်များက မြေငူကျေးရွာ ဖန်မီးအိမ် စာကြည့်တိုက်သို့ ငွေပဒေသာပင်ကျပ် ၁၁၀၀၀၀နှင့် သုတရသစာအုပ်မျိုးစုံ ၃၅၇ အုပ်ကိုလည်းကောင်း **(အပေါ်ပုံ)**၊ ပုဏ္ဏားခြံကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ အလှူငွေကျပ် ၅၀၀၀၀နှင့် မဂ္ဂဇင်းမျိုးစုံ အုပ် ၁၃၀ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်သူက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ ဖန်မီးအိမ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာရှင်းလင်း မွေးမြူရေးလုပ်ငန်း နည်းလမ်းများဆွေးနွေး

တီးတိန် မေ ၂၀

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို မေ ၇ ရက် မွန်းတည့် ၁၂ နာရီက တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၁၀၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဝါဝါက အဖွင့်အမှာစကား ပြောကြားပြီး ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းသည်။

ဆွေးနွေး

ဆက်လက်၍ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အမှုဆောင်ဒေါ်သန်းသန်းနွဲ့က လူငယ်နှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ ဖလမ်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက မြို့နယ်များအတွက် ပံ့ပိုးသော အရင်းမပျောက် မတည်ငွေနှင့် ပတ်သက်၍ တနိုင်တပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် တီးတိန်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဥမ္မာက အသင်းဝင်လျှောက်လွှာစောင်ရေ ၂၀၀၀ ကို ပေးအပ်ရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက လက်ခံကြောင်း သိရစဉ်။

(ခရိုင် ပြန်/ဆက်)

ရမ်းဗြဲမြို့ အတွင်းပြင်ကျေးရွာ မြေသား ရေကန်ဖွင့်ပွဲ အခမ်းအနားကို မတ်၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အမှုဆောင်အရာရှိ ဦးဝင်းဆန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လူမှုဝန်ထမ်း ဦးစီးဌာန မင်္ဂလာဒုံမြို့နယ် မူလတန်းကြိုကျောင်းအမှတ်(၃) ရန်ကုန်၏ ကျောင်းတွင်းပဒေသာကပွဲကို မေ ၁ ရက်က ကျင်းပရာ ရန်ကုန်သားနှင့် မန္တလေးသူသီချင်းဖြင့် ရင်သွေးငယ်များက သရုပ်ဆောင်ကပြကြစဉ်။ (၃၆၃)

နမ့်ခမ်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ် ဓာတ်တိုက်လေ့ကျင့်မှုပြုလုပ်

နမ့်ခမ်း မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ဈေးအကျိုးတော်ဆောင်အဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးကြီး မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုကို မတ် ၃၀ ရက်က ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကြီးကြပ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကျိုက်ထို၌ အသိပညာပေးဟောပြော

ကျိုက်ထို မေ ၁၂

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် သဘာဝပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့က ဦးစီး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေး ဟောပြောပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်က အမှာစကားပြောကြားပြီး မြို့နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့တွင် ပါဝင်သည့် ဌာနဆိုင်ရာများက ဌာနတစ်ခုချင်း အလိုက် ပညာပေး ဟောပြောကြသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး ဦးကျော်စိုးပိုင်နှင့် ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အသင်းအတွင်းရေးမှူး ဦးစိုးဝင်းအောင်နှင့် အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သက်ကြီးပူဇော်ပွဲ ပိန်းဇလုပ်၌ကျင်းပ

ပိန်းဇလုပ် မေ ၂၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းရုံး ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ ဦးဆောင်စီစဉ်မှုဖြင့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၇ရက် ညနေ ၅ နာရီက ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းရုံး၌ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မင်းသိုက်ထိုက်က နှုတ်ခွန်းဆက် စကားပြောကြားပြီး အသက်(၈၀)နှစ်အထက် သက်ကြီးဘိုးဘွား၂၀ဦးအားစခန်းမှူး ရဲအုပ်မင်းသိုက်ထိုက်၊ ဇနီးဒေါ်ဥမ္မာလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့်ပူဇော်ကန်တော့ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ အဘိုး၊ အဘွားများ၏ကိုယ်စား ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဆရာကြီး ဦးအေးမောင်က သြဝါဒစကား ပြောကြားပေးခဲ့ကြောင်း သိရသည်။ (က–ပ)

တမူးမြို့လမ်းများ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်

တမူး မေ ၂၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို မေ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပျိုးထောင်

ကွင်းဆင်းစစ်ဆေးမှုတွင် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်းများကို မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်ဆောင်ရွက်ထားရှိမှု၊ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးရာ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

သာယာလှပရေး

ဆက်လက်၍ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုက မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မအူပင်မြို့ ကမ်းနားလမ်း အမှတ်(၉၈)နေ ဒေါ်ကျင်ထွေး ကိုးနှစ်ပြည့်အား ရည်စူး၍ ဦးတိုက်စိုးနှင့်သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၁၁၀၀၀ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး ဒုတိယဥက္ကဋ္ဌ ဦးစိန်မြက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကလော မြို့မဈေး ရေစီးကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ကလော မေ ၅

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဈေးမိ ဈေးဖများ၊ ဈေးသူ ဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စုစုပေါင်း အင်အား ၅၀ဖြင့် မတ် ၁၅ရက်က စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ဖြူဖြူခင်နှင့် ဦးဝင်းနိုင်ဦး(သန့်)တို့ ပါဝင်ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ပြည်မြို့ ဆင်စုနယ်မြေ စန္ဒာရုံဘုန်း တော် ကြီးသင် ပညာရေးကျောင်း ၏ ၂၀၀၅-၂၀၀၆ ပ ညာ သင် နှစ် နှစ် ပတ် လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၈ ရက်က ကျင်းပရာ ဝေပုလ္လာရာမကျောင်း တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက ဒုတိယတန်း တတိယဆုနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုရရှိသူ မချောသရဖီသွယ်ထွန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

စုပေါင်း ဒုလ္လဘ သီလရှင်ဝတ်ပွဲ ပြွန်တန်ဆာ၌ ကျင်းပ

ပြွန်တန်ဆာ ဧပြီ ၂၂

ပဲခူးတိုင်း ပြွန်တန်ဆာမြို့ အမျိုးသမီးစုပေါင်းဒုလ္လဘဖြစ်မြောက်ရေးအဖွဲ့ ကကြီးမှူး၍ (၂၆)ကြိမ်မြောက် အမျိုးသမီးစုပေါင်းဒုလ္လဘ ပရိဗ္ဗာဇကပဗ္ဗဇ္ဇ မင်္ဂလာ သီလရှင်ဝတ်ပွဲကို သမိဒ္ဓေါဒယဓမ္မဇောတိကာရုံ သီလရှင်စာသင်တိုက်တွင် ဧပြီ ၁၂ရက်နံနက် ၇နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရပ်ဝေးရပ်နီး မြို့၊ ရွာများမှ မိဘတို့၏ ရင်သွေးသမီးငယ်များ အပါး ၂၅၀တို့ သီလရှင်ဝတ်ပွဲကျင်းပကာ သံဃာတော်အရှင်မြတ်ထံမှ ကိုးပါးသီလခံယူ၍ လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် စုပေါင်းလှူဒါန်းကာ အလှူရေစက်ချ အမျှအတန်းပေးဝေပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြွန်တန်ဆာမြို့ သမိဒ္ဓေါဒယဓမ္မဇောတိကာရုံ စာသင်တိုက်တွင် သင်္ကြန်အကြိုနေ့က စတင်ကာ နှစ်ဆန်းနှစ်ရက် နံနက်အထိ မဟာပဋ္ဌာန်းတရားများ ရွတ်ဆိုပူဇော်သဖြင့် နှစ်သစ်ကူးချိန် တရားတော်သံ လွှမ်းလျက်ရှိသည်။ **(အောက်ပုံ)** **(၁၄၁)**

သန်လျင် သာသနာ့ဗိမာန်တော် နှစ်သစ်ကူးပရိတ်တရားတော်နာယူ

သန်လျင် ဧပြီ ၂၆

သန်လျင်မြို့ ကျိုက်သရေဆောင် သာသနာ့ဗိမာန်တော်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီက ကြီးမှူးကျင်းပသော နာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် နှစ်သစ်ကူး ပရိတ်တရားတော်နာယူပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ဓမ္မရောင်ခြည်ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ညှော်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။



ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းလျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ရေတာရှည် ဧပြီ ၂၂

ညောင်ပင်သာကျေးရွာ ရေထိန်းတံခါးဖွင့်ပွဲကျင်းပ နွေစပါးဧက ၅၅၀ အောင်ရေ လုံလောက်စွာရရှိမည်

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာ ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက်နံနက် ၈ နာရီက အဆိုပါရေထိန်းတံခါးမုခ်ဦးရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြော

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေထိန်းတံခါးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ရေထိန်းတံခါး ပြုလုပ်ပေးခြင်းဖြင့် ကွင်းသုံးကွင်းရှိ နွေစပါးဧက ၅၅၀ အောင်ရေ လုံလောက်စွာ ရရှိမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ခွင့်ပြုငွေကျပ် ခုနစ်သိန်း၊ ဒေသခံ တောင်သူလယ်သမားများက ထည့်ဝင်ငွေကျပ် ရှစ်သိန်း ပစ္စည်းနှင့် လုပ်အားတန်ဖိုးငွေကျပ် ၇၇၀၀၀၀ အကုန်အကျခံတည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံ ဦးဌေးဝင်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၅ရက်က စည်ပင်သာယာ မြို့မဈေးကြီး ပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မှုကို မြို့မစည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ စစ်ဆေးကြစဉ်။ (၃၄၇)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၁ ရက်
၁-၅-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၀၉း၃၅	ဟောပြောချက် (ပြိုင်ဘက်နှင့်ပြိုင်မည်လား၊ အခြေအနေနှင့်ပြိုင်မည်လား) (ရွှေနွယ်)
၁၁း၁၅	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၀	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ကျက်သရေဆောင် ခေါင်းပေါင်း) (ခင်ဇေ၊ စက်မှု)
၁၂း၀၀	သူ့အတွေးနှင့် သူ့အရေး (ဟာဒယရွှင်ဆေးတိုက်ကျွေးပါ-ထက်ကျော်)
၁၂း၂၀	ဇာတ်လမ်းပမာနားဆင်စရာ (အဇ္ဈတ္တ၏အပြင်စည်း)
၁၂း၄၅	ကဏ္ဍစုံစွာ ဆွေးနွေးစရာ (မြန်မာ့ရိုးရာ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာ)

ညနေပိုင်း

၁၆း၁၀	ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) လုပ်အားအလှုရတနာ (ရွှေပွင့်လွှာအဖွဲ့) (၂) ဒို့အား ဒို့ကိုး ဒို့ကြိုးစားမည် (စောင်းခတ်သံအဖွဲ့) (၃) ဂုဏ်ဆိုသည်မှာ (ကိုတင်ကိုးအဖွဲ့)
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၃၀	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာခြင်း၏ အခြေခံမူကြီးများ-မောင်ရွှေယုံ)
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (ဝါသနာကိုထားခဲ့ရပြီ)
၁၉း၁၅	ကျန်းမာရေးနှင့် ဆေးပညာ (အမြတ်ရအောင်ရင်းနှီးပါ-ဒေါက်တာ ခင်သန်းဦး)
၁၉း၃၀	တူယှဉ်သီကြွေး စုံတွဲတေး (၁) ချစ်စေတနာရှင် (မြတ်ထွဋ်၊ ပန်းအိဖြူ) (၂) ချစ်မိုးကြီး (လှမြင့်ဝင်း၊ ရီရီသန့်) (၃) ရင်နှင့်အောင်ချစ်ရသူ (ကေတုဝင်းထွဋ်၊ မေဆွိ)
၂၀း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) မမြင်ရတဲ့ကြိုးကလေးတစ်မျှင် (ဂီတာဖေဝင်း) (၂) နားခိုရာဘဝသခင် (ယဉ်ယဉ်ထွန်း) (၃) ဖူးပွင့်ဝေစီ ဆယ့်နှစ်ရာသီ (ကိုသန်းလှိုင်)

ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကို မတ် ၁၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ မြို့ပေါ်ရုံးဝန်ထမ်း ၂၃ ဦးအတွက် ဝတ်စုံစရိတ်စုစုပေါင်း ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ ဝတ်စုံများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နုက ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်လှလှဆန်းနှင့် ဦးနိုင်ဝင်းဆွေတို့က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

နောင်မြေသာစည်

သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း

ဆရာဝန်ကြီးများ ကိုယ်တိုင်ဦးစီး၍လူနာပြုစုနည်းများ၊ ဆေးထိုးပွင့်နည်း၊ ဆေးဝါးထားသိုနည်း၊ ဆေးရောင်းနည်းစနစ်များနှင့် ဆေးပညာလုပ်ငန်းခွင်အသုံးချပညာရပ်များကို ကျွမ်းကျင်သည်အထိ **အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်** စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ နေထိုင်ရေးစီစဉ်ပေးမည်။ လစဉ်တန်းခွဲသစ်များရှိသည်။ (၃)လသင်တန်း အလုပ်အကိုင်ရရှိရေးကူညီမည်။ ဆေးဆိုင်ဖွင့်လိုသူများအတွက် အစအဆုံးကူညီပေးမည်။

မေလ (၅) ရက် တန်းခွဲသစ်အမည်။

စင်ကာပူအလုပ်ဝင်ခွင့် စာမေးပွဲသင်တန်းနှင့် ဆေးဝါးကျွမ်းကျင်မှုအဆင့်မြင့်သင်တန်းဖွင့်လှစ်ပြီ

နောင်မြေသာစည်အထူးကုဆေးခန်းနှင့်ဆေးဆိုင် အမှတ်(၀၀၄)တိုက်-၂၊ အောင်မြေသာစည်အိမ်ရာ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ၁-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ဆင်ရေတွင်းမှတ်တိုင်) ☎-01-500805, -09-5138657

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါပုဂ္ဂိုလ်များက မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ ပြင်ဆင်ခွင့် ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅) ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးဇော်မိုးလွင်	၁၂/သကတ(နိုင်) ၀၄၀၄၁၃	၄၂၃/က၊ သုမန (၄) လမ်း၊ (၅) ရပ်ကွက်၊ သာကေတ	(၁)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၂	ဦးစောလှအောင်	BQ-၀၀၄၂၀၆	၃၀၊ မင်းကြီးလမ်းသွယ်၊ တောင်သူကုန်း၊ အင်းစိန်	(၂)ထပ်တိုက်+အုတ်ညှပ် ဆောက်လုပ်ရန်
၃	ဦးမောင်စီ	OPO-၀၄၇၃၀၀	၂၀၅/ဂ၊ ဇီးအုံကုန်းလမ်း၊ နံ့သာကုန်း၊ အင်းစိန်	(၁)ထပ်အုတ်ညှပ်တိုးချဲ့ ပြင်ဆင်ရန်
၄	ဦးစိန်ဝင်း+၁	၁၂/ပဘတ(နိုင်) ၀၀၄၆၇၄	၆၈၆/ခ၊ ဇောတရုံလမ်း၊ ၂/တောင်၊ သာကေတ	(၂)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၅	ဒေါ်စန္ဒာငြိမ်း+၂	၁၂/မရက (နိုင်) ၁၁၉၂၅၀	၁၀၂၊ ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း	(၂)ထပ်တိုက်+ခြံစည်းရိုး ဆောက်လုပ်ရန်
၆	ဦးကျော်ဝင်း	KTN-၀၂၆၉၇၄	၆၈၄ ဦ၊ သုနန္ဒာ (၁)လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပ	(၂)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၇	ဒေါ်အေးကြည်ဝင်း	၁၂/ဥကမ (နိုင်) ၀၉၈၀၈၄	၁၃၈/ဘီ၊ဇီဇဝါ(၁)လမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ	(၂)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၈	ဦးထွန်းဝင်း	N/OKA-၀၄၆၉၇၃	၈၀၆၊ နွယ်နီ (၁၅) လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပ	(၂)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၉	ဦးမိုးကျော်မြင့်	၁၄/ပသန(နိုင်) ၀၀၀၈၇၃	၇၃၊ စက်မှုလက်မှု (၄) လမ်း၊ မေတ္တာညွှန့်၊ တာမွေ	(၂)ထပ်တိုက်+ခြံစည်းရိုး ဆောက်လုပ်ရန်
၁၀	ဒေါ်လှရီ	၉/ညဥန(နိုင်) ၀၅၅၁၄၄	၄၄၀၊ (၄) လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်း	(၂)ထပ်အုတ်ညှပ်ဆောက်လုပ်ရန်
၁၁	ဒေါ်ပြုံးရီ	O/RGN-၀၀၅၂၁၇	၂၈၊ ပုသိမ်ညွှန့် (၄) လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်	(၂)ထပ်တိုက်+အုတ်ညှပ် ပြင်ဆင်ရန်
၁၂	ဦးသာထွန်း	၁၂/မဂတ(နိုင်) ၀၃၉၁၂၆	၈/ခ၊ သိဒ္ဓိလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်	(၂)ထပ်အုတ်ညှပ်ပြင်ဆင်ရန်
၁၃	ဒေါ်မာမာ	၁၂/အစန(နိုင်) ၀၄၇၃၃၅	၅၅၆၊ ပဏ္ဍိတလမ်း၊ ရွာမအရှေ့၊ အင်းစိန်	(၁)ထပ်အုတ်တိုက်ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုမြသန်း၏ နိုင်ငံကူး အမှတ်-၄၈၆၅၇၀ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ကိုမြသန်း ဖုန်း- ၆၉၉၄၀၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးသန်းဦး အခွန်ပုံစံ-၁ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက သတင်းပို့ပါရန်။

ဦးသန်းဦး ၁၂/တမန(နိုင်)၀၆၅၄၉၂ ၄၅-၁၆၅ လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်-တာမွေမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားက အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်- ၁/စာရေးကိရိယာ/၂၀၀၇-၂၀၀၈ ၂-၅-၂၀၀၇

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	စက္ကူ၊ စာရေးကိရိယာနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ	1 - Lot

တင်ဒါပိတ်ရက်နှင့်အချိန်-၁၆-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂-၅-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃)

ကိုယ်တိုင်လာရောက်စေရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၃)
သရက်ခရိုင်တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃

၁။ ဦးတင်ငြိမ်း **နှင့်** ၁။ ဒေါ်နီ
၂။ ဒေါ်ခင်မာရီ ၂။ ဦးဝင်းနိုင်

လျှောက်ထားသူများ **လျှောက်ထားခံရသူများ**

ဦးဝင်းနိုင် (ဘ) ဦးဖိုးလေး ၈/မထန(နိုင်)၀၆၇၂၄၇ စခန်းသာလမ်းနှင့် ပြည်လမ်းထောင့် စက်ရုံရပ်ကွက် အောင်လံမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်ပုံစံပါအမှုတွင် လျှောက်ထားသူက သင့်အပေါ်တွင် ဝရမ်းပြန်လည်ခွာပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၀၇ ခုနှစ် မေလ ၂၅ ရက်၊ (၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင် အထက်စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ မပျက်မကွက် (မပျက်မကွက်) လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်နေခဲ့လျှင် သင့်ကွယ်ရာတွင် ၎င်းအမှုကို စစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်။ ၎င်းပြင်သင်မှ ခုခံထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၀၇ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်ချို
ခရိုင်တရားသူကြီး
သရက်ခရိုင်တရားရုံး။

ဆပ်ပြာကုန်ကြမ်းဆီအမျိုးမျိုး အဝယ်တင်ဒါ
(မြန်မာကျပ်ငွေ)

၁။ **ဝယ်ယူမည့်ပစ္စည်းများ** - ဆပ်ပြာကုန်ကြမ်းဆီအမျိုးမျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - (၁၁-၅-၂၀၀၇)ရက်၊ (၁၄း၀၀)နာရီ
၃။ **နေရာ** - နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်) **၅၆၁၃၉၁၊**
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **၅၆၆၇၁၅။**

ကျေးဇူးဆပ်ပါမည် ကျွန်တော် ကျော်ထွန်းအေး ၁၂/သဃက(နိုင်)၀၀၄၇၄၇ ကိုင်ဆောင်သော ပတ်စ်ပို့ ၅၂၆၇၂၄သည် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးပို့ပါ။

ဆက်သွယ်ရန်ဖုန်း- ၆၅၁၇၅၉။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Laptop Computer	3 Nos
၂။	Computer	9 Nos
၃။	Laserjet Printer	10 Nos
၄။	Inkjet Printer	1 No
၅။	Scanner	5 Nos
၆။	Plain Paper Copier (A_3)	11 Nos
၇။	Fax Machine (A_4)	5 Nos

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်**-၇-၅-၂၀၀၇၊ မွန်းလွဲ ၁၄း၀၀ နာရီ

၃။ သိရှိလိုသည့် အချက်များရှိပါက စီမံကိန်းဌာန ဖုန်းနံပါတ်(၅၅၉၂၃၆)သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

အမွေစားအမွေခံ သား၊ သမီးများအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ အောင်မင်္ဂလာရပ်နေ ကျွန်တော် ဦးထွန်းကြည်(ခ)ဦးထွန်းမင်း ၉/တသန(နိုင်)၀၀၄၂၈၀ နှင့် ဒေါ်စစ်အေး (ကွယ်လွန်) တို့၏သား သမီးများဖြစ်ကြသော-

(၁) မောင်ဆန်းထွန်းမော် ၉/တသန(နိုင်)၀၀၅၃၈၆
(၂) မောင်အောင်ကျော်စိုး ၉/တသန(နိုင်)၀၀၄၂၈၂
(၃) မောင်အောင်ဝင်းမြင့် ၉/တသန(နိုင်)၀၀၂၁၀၂
(၄) မောင်ဟန်မြင့် ၉/တသန(နိုင်)၀၉၄၄၆၁ နှင့်
(၅) မစန္ဒာမင်း ၉/တသန(နိုင်)၁၁၇၆၀၀

တို့သည် မိဘအပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းတို့အား အမွေစားအမွေခံ သား သမီးများအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းကြည်(ခ)ဦးထွန်းမင်း
၉/တသန(နိုင်)၀၀၄၂၈၀။

ကျောက်တံခါးမြို့တွင် အရှည်ပေ ၂၀၀၀၊ အကျယ် ၁၀ပေရှိ ကျောက်တံခါး-ဖျံတလင်း ကျေးလက်ဂဝံလမ်း ဖွင့်ပွဲကို မတ် ၂၆ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဈေးချိုတော် စံပြမူကြို ကျောင်းဆင်းပွဲနှင့် စွမ်းရည်ပြသ

မန္တလေး ဧပြီ ၂၀

မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ဈေးချိုတော် စံပြမူကြို ကျောင်းဆင်းပွဲနှင့် စွမ်းရည်ပြသပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် မွန်းလွဲ ၁ နာရီက ဈေးချိုတော် ဂရင်းမင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဈေးချိုတော် စံပြမူကြိုကျောင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက မူကြိုကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဈေးချိုတော်တိုက်တန်းကြီးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ ဈေးချိုတော်စံပြမူကြိုကျောင်းသို့ အလှူငွေကျပ် တစ်သိန်းနှင့် ကစားစရာပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်းများသို့ အနီးပိတ်အထည် ၅၀၀ နှင့် ပလတ်စတစ်အခင်းစ ၆၀ကိုလည်းကောင်း၊ မွေးစကလေးအင်္ကျီအထည် ၁၀၀ နှင့် ဝိုင်အိုလက်ပေါင်ဒါဘူး ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရင်ထိုးတံဆိပ်နှင့် အသင်းဝင်ကတ်ပြားများပေးအပ်ပြီး မူကြိုဆရာမများနှင့် မူလတန်းကျောင်းသို့ ပြောင်းရွှေ့တက်ရောက်ကြမည့် ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(သတင်းစဉ်)

မြေခင်းအလှ ပြုပြင်

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ် ၂၅ရက်က ပလက်ဝ-မတူပီလမ်း ဘေးဝဲယာတစ်လျှောက်တွင် မြေခင်းအလှ ပြုပြင်ဆောင်ရွက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောင်လံမြို့၌ ပြည်လမ်းမတစ်လျှောက် စုပေါင်းသန့်ရှင်း

အောင်လံ ဧပြီ ၂၀

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြသန့်ရှင်း သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ရက်က သန့်ရှင်းရေးဌာနစိတ် ဒုတိယဦးစီးမှူး(သန့်) ဦးသိန်းဌေး ဦးဆောင်သည့် ဝန်ထမ်းများ ပြည်လမ်းမကြီးတစ်လျှောက် ဖုန်၊ သဲ၊ ကျောက်များ ကင်းစင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ထန်းတပင်မြို့နယ် နဲသမိန်စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး တက်ရောက်အားပေးချီးမြှင့်
စံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် နဲသမိန်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စံပြကျေးရွာကိုဖွင့်လှစ်ပြီး ထန်းတပင်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့နယ် နဲသမိန်စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ
လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၉

ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ချီးမြှင့်

ယင်းနောက် ပဲခူးတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်က ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့တွင် ပထမရရှိသော ကျောင်းသားကျောင်းသူများအား တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်း၊ ဒုတိယရရှိသော ကျောင်းသား ကျောင်းသူများအား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးအောင်ဒိုင်းတို့ကလည်းကောင်း၊ တတိယဆုရရှိသော ကျောင်းသားကျောင်းသူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်ကလည်းကောင်း ဆုများအသီးသီးချီးမြှင့်သည်။

ကျင်းပ

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ ရက်သတ္တပတ်လှုပ်ရှားမှုများအဖြစ် ယာဉ်စည်းကမ်းဟောပြောပွဲနှင့် ရှောင်တခင်စစ်ဆေးမှု ပညာပေးမှုများကို ဧပြီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ထူးခြားသောအပူချိန်

၂၉-၄-၂၀၀၇

နေပြည်တော်	၁၀၃ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၃ ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၆ ဒီဂရီဖာရင်ဟိုက်
သာယာဝတီ	၁၀၆ ဒီဂရီဖာရင်ဟိုက်
ရွှေကျင်	၁၀၅ ဒီဂရီဖာရင်ဟိုက်